ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြု တတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်း ကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ် ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြ မစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 24 December 2021 ၁၀၅၉၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ကျင်းပပေးသည့် ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲသို့ တက်ရောက်ချီးမြှင့်

**နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးကို ရှေးရှု၍ စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း ဆုတောင်းစကားပြောကြား**

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် စိန့်မေရီကယ်သီဒြယ် ဘုရားရှိခိုးကျောင်းအနီးရှိ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၏ ကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့က ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲအခမ်းအနားတွင် ခရစ္စမတ်ကိတ်မုန့်ကို အတူတကွလှီး၍ ဂုဏ်ပြုကြစဉ်။



# မသက်ဆိုင်သူများ မထိခိုက်စေရန် အသိပေးချက်ကို သတိပြု

တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH နှင့် NUG အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်ပေးမှုကြောင့် နိုင်ငံတော်ကို ဆန့်ကျင် CDM လှုပ်ရှားမှုများ ပြုလုပ်လာပြီးနောက် ဆူပူအကြမ်းဖက်လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများနှင့် NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များသည် PDF အကြမ်းဖက်အဖွဲ့ဖွဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့ထံတွင် စစ်သင်တန်းများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခဲ့ကြသည်။

အကြမ်းဖက်အဖျက်သင်တန်းများ တက်ရောက်ခဲ့ကြသည့် PDF များသည် မြို့ရွာများအတွင်းသို့ ပြန်လည်ဝင်ရောက်၍ လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ရက်ရက်စက်စက်သတ်ဖြတ်မှု၊ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးမှုစသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို လုပ်ကိုင်ခဲ့ကြသည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များကို လုပ်ကိုင်ရန် CRPH နှင့် NUG အကြမ်းဖက်အဖွဲ့က သွေးထိုးလှုံ့ဆော်ငွေကြေးထောက်ပံ့ပေးပြီး တစ်ဖက်နိုင်ငံနယ်စပ်နှင့် EAO အဖွဲ့အချို့ထံမှတစ်ဆင့် ပြည်တွင်းရှိ PDF အကြမ်းဖက်သမားများထံသို့ တရားမဝင်လက်နက်များ၊ ခဲယမ်းများ၊ လက်ပစ်ဗုံး၊ မိုင်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ လက်လုပ်သေနတ်၊ လက်လုပ်မိုင်းနှင့်ဆက်စပ်ပစ္စည်းများရောက်ရှိကာ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

အကြမ်းဖက်အဖျက်သမားများလက်ချက်ကြောင့် ပြည်တွင်း၌ ထိခိုက်ပျက်စီးသေကျေဆုံးရှုံးမှုများ အမြောက်အမြားရှိခဲ့သည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်အဖျက်သမားများနှင့် လက်နက်အမြောက်အမြားတို့ကို ရှင်းလင်းဖယ်ရှား ဖမ်းဆီးရမိခဲ့သည့် သတင်းများကိုလည်း နေ့စဉ်မြင်တွေ့ရမည်ဖြစ်သည်။ ကြိုတင်ကြံစည်ခဲ့ကြသော တိုင်းပြည်အလုံးစုံပျက်စီးရေး၊ ပြည်ဖျက်စီမံကိန်းအရ ပြည်တွင်းရှိ မြို့ရွာဒေသများတွင် လက်နက်ခဲယမ်းများကို သိုဝှက်ထားပြီး အကြမ်းဖက်လုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ ပြည်သူများပူးပေါင်းဆောင်ရွက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့များက သိုဝှက်ထားသော လက်နက်ခဲယမ်းများနှင့် အကြမ်းဖက်သမားများကို ရှာဖွေဖမ်းဆီးနိုင်ခဲ့သည်။

ယခုအခါ အကြမ်းဖက်သမားများ ချုပ်ငြိမ်းရေးကို အပြီးတိုင်တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ လက်ကျန်အကြမ်းဖက်သမားများနှင့် တရားမဝင်လက်နက်ခဲယမ်းများအား ရှာဖွေဖမ်းဆီးလျက်ရှိသည်။ တချို့သောအကြမ်းဖက်သမားများသည် နိုင်ငံသူ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူ၍ ၎င်းတို့၏ တရားမဝင်လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် မူးယစ်ဆေးဝါးတားမြစ်ပစ္စည်းများအား နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် တစ်ဖက်လှည့်အပ်နှံသိမ်းစေမှုများကိုလည်း ပြုလုပ်လျက်ရှိရာ အကြမ်းဖက်သမားများနှင့် လက်နက်ခဲယမ်းများကို ၎င်းတို့ငှားရမ်းသိုဝှက်ထားသည့် နေအိမ်များမှ ဖော်ထုတ်ဖမ်းဆီးရမိသည့်သတင်းများကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ ထိုအခါ မသိနားမလည်သည့် မသက်ဆိုင်သူများ ထိခိုက်နစ်နာမှုများ ရှိလာခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အကြမ်းဖက်သမားများနှင့် မသက်ဆိုင်သူများအနေဖြင့် မလိုလားအပ်သော အမှုရင်ဆိုင်ရမှုများ မရှိစေရေးအတွက် နှိုးဆော်အသိပေးနေသည်။

အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများအနေဖြင့် မလိုလားအပ်ဘဲ တရားဥပဒေအရ ရင်ဆိုင်မှုမရှိစေနိုင်ရေးအလို့ငှာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ နိုင်ငံသူ နိုင်ငံသားအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင်လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်က ဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ ရောက်ရှိသိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၊ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံကြရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

သို့ဖြစ်ရာ ပြည်သူ ပြည်သားများအနေဖြင့် မိမိတို့အိမ်နေရာများကို အခြားသူများအား တည်းခိုခွင့်၊ ငှားရမ်းနေထိုင်ခွင့်ပြုရာတွင် သက်ဆိုင်ရာက အသိပေးထုတ်ပြန်ထားသော ဥပဒေနှင့်မလွတ်ကင်းသည့်အချက်များနှင့် မငြိစွန်းစေရန်အတွက် အသိပေးကြေညာထားချက်ကို သတိမူလိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။
၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။
၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျေ၊ အမ်၊ ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ လင်ဒါမူလက် နာလင်း ကူမားဒီ ဆေးဗား နေရာတွင် မစ္စတာ ဂျေ၊ အမ်၊ ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျေ၊ အမ်၊ ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ ကို ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် မွေးဖွားခဲ့ပြီး၊ ကိုလံဘိုတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ၁၉၉၃ ခုနှစ်တွင် ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အလွတ်တန်းရှေ့နေအဖြစ်လည်းကောင်း၊ တွဲဖက်ခရိုင်တရားသူကြီးအဖြစ် လည်းကောင်း၊ ပိုင်ဆိုင်မှုနှင့် မြေယာစီမံခန့်ခွဲရေးဆိုင်ရာ အစိုးရရှေ့နေအဖြစ် လည်းကောင်း ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ် မှစ၍ သမ္မတဟောင်း မစ္စတာမဟင်ဒါရာဂျာပက်ဆာ၏ သာသနာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အာရပ်စော်ဘွားများ ပြည်ထောင်စုဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆာဘာရာဂမူဝါပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ လွှတ်တော်ကိုယ်စားလှယ် (အမျိုးသားစာရင်း) အဖြစ်နှင့် လွှတ်တော်ပြည်သူ့အသနားခံစာတင်သွင်းရေး ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန်ကာလတွင် သမ္မတဟောင်း မစ္စတာမဟင်ဒါရာဂျာပက်ဆာ၏ ညှိနှိုင်းရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှစ၍ အလွတ်တန်းဥပဒေရေးရာဝါရင့်အကြံပေးအဖြစ် လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ သမ္မတဟောင်း မစ္စတာမဟင်ဒါရာဂျာပက်ဆာမှ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်စဉ် ၎င်း၏ ကိုယ်ရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအထိ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်ဆာ၏ လွှတ်တော်ကိစ္စရပ်များဆိုင်ရာ အတွင်းရေးမှူးအဖြစ် လည်းကောင်း အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်မှ ယနေ့အထိ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီမှု ရရှိထားသူဖြစ်ပြီး လက်ရှိတွင် နိုင်ဂျီးရီးယားနိုင်ငံရှိ သီရိလင်္ကာသံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃ - ၁၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁၄၆ | ၁,၂၂၆,၄၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၈၁ | ၂၅၁,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁ | ၁၉,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၁၀ | ၂၉,၀၀၀ |
| AMATA | ၆,၀၀၀ | ၆,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၁၂.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၁၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၉၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၂.၈၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၂၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၅၈.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၇.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၅.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၇၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

## စည်းကမ်းရှိဖို့လို

**လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားတွင် ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

☆ ရွှေဖုံးမှ

မြို့တော်ဝန်၊ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကက်သလစ်ဆရာတော်များ၊ ရဟန်းတော်များ၊ ကက်သလစ် သီလရှင်များ၊ ကက်သလစ် လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကတ်သလစ် ဆရာတော်ကျောင်းတိုက်ခန်းမသို့ ရောက်ရှိကြရာ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးတို့သည် ဧည့်ခန်းမဆောင်၌ သီးခြားတွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ထို့နောက် ဘုရားရှိခိုးကျောင်းခန်းမတွင် ခရစ္စမတ်ဆုတောင်းပွဲကို ကျင်းပရာ ကက်သလစ်ဆရာတော်ကျောင်းတိုက် မိသားစုက ခရစ္စမတ် Carol သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ် သတင်းကောင်းနှင့် ဆုမွန်စကား မျှဝေပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါသမယတွင် ပျော်ရွှင်ခြင်း၊ သင့်မြတ်ခြင်းများဖြင့် ပြည့်စုံနိုင်ပါစေကြောင်း၊ မြန်မာ ပြည်သူပြည်သားအားလုံး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိကြပြီး ခန္ဓာစိတ်ဝမ်း ငြိမ်းချမ်းကြပါစေကြောင်း၊ ငြိမ်းချမ်းသာယာ ဝပြောပြီး ဝမ်းမြောက်ခြင်းများနှင့် ပြည့်ဝနိုင်ကြပါစေကြောင်းဖြင့် ခရစ္စမတ်ဆုတောင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ခရစ္စမတ်နေ့ အထိမ်းအမှတ် စုပေါင်းဂုဏ်ပြု ဆုတောင်းပွဲ အခမ်းအနားများကို တက်ရောက်ခဲ့သည်မှာ ယခုအကြိမ်ဆိုပါက တတိယအကြိမ်ရှိပြီ ဖြစ်ပါကြောင်း၊ ခရစ်ယာန်ဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ခရစ္စမတ်အခါသမယတွင် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့ဖြင့် ပြီးပြည့်စုံကြပါစေကြောင်း၊ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၈၇ ရာခိုင်နှုန်း၊ **စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့ တွေ့ဆုံဆွေးနွေးစဉ်။

**○ နိုင်ငံတော် အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပြင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ကလည်း ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်**

**○ ငြိမ်းချမ်းလိုသည့်၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဆန္ဒရှိရန် အဓိက အရေးကြီး**

**○ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြင့် ပြည့်စုံစေရေးအတွက် အမျိုးသားနိုင်ငံရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာအား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ခဲ့မှုအခြေအနေ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံကုန်သွယ်ရေး တိုးတက်ခဲ့မှုအခြေအနေနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံတိုက်ရိုက် ကုန်သွယ်နိုင်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ပင်လယ်ရေကြောင်း တိုက်ရိုက်ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများအား အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့်အခြေအနေ၊ လေ့ကျင့်ရေးနှင့် ပညာသင်ကြားရေး အခြေအနေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာရပ်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေးများ ရောင်းချပေးနေမှုနှင့် လှူဒါန်းပေးနေမှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့မှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်မှနိုင်ငံတော်တာဝန်အား ထမ်းဆောင်ခဲ့ရမှုအခြေအနေ၊ အကြမ်းဖက်အဖွဲ့များမှ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေမှု အခြေအနေနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်မှုအပေါ် တုံ့ပြန်ရေးအခြေအနေ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Shri Saurabh Kumar၊ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

☆ စာမျက်နှာ ၃ မှ

ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ခြောက် ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ကိုးကွယ်သူ ငါး ရာခိုင်နှုန်းကျော်ခန့်ရှိပြီး ကိန်းဂဏန်းအရ ကွဲလွဲမှုအနည်းငယ်ရှိနိုင်မည် ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၂ နှင့် ၃၆၃ တို့တွင် ဘာသာရေးလွတ်လပ်ခွင့်နှင့် ကူညီစောင့်ရှောက်မှုတို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေအများစုကိုးကွယ်ရာ ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူနှင့် အခြားဘာသာဝင်များသည် နှစ်ပေါင်းများစွာကတည်းကပင် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အမိနိုင်ငံတော်ကောင်းကျိုးကို အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ **တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြင့် ပြည့်စုံစေရေးအတွက် အမျိုးသားနိုင်ငံရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြောင်း၊** ပြီးခဲ့သည့် ရွေးကောက်ပွဲတွင်မည်သို့မျှ ရှောင်လွှဲ၍ မရသည့် အခြေအနေ ဖြစ်ပေါ်လာသည့်အတွက် နိုင်ငံတော်၏တာဝန်များကို တပ်မတော်ကထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်၍ နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

**မေတ္တာရပ်ခံတိုက်တွန်း**

**နိုင်ငံတော် အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပြင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ကလည်း ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းလိုသည့်၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဆန္ဒရှိရန် အဓိကအရေးကြီးပါကြောင်း၊** တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာ ပေါများရေးသည်လည်း အဓိကကျသည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဦးစွာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်မည်ဟူသည့် ဆန္ဒဖြင့် အသိတရား၊ သတိတရားတို့ဖြင့် တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်း တစ်ခုချင်းအလိုက် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းလိုပါကြောင်း။



၂၀၂၁ ခုနှစ် ခရစ္စမတ်အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲတွင် ကက်သလစ်ဆရာတော်ကျောင်းတိုက်မိသားစုက ခရစ္စမတ် Carol သီချင်းများဖြင့် သီဆိုဖျော်ဖြေကြစဉ်။

**ဆုတောင်းစကားပြောကြား**

ခရစ္စမတ်အခါသမယတွင် ခရစ်ယာန် ဘာသာဝင်များအားလုံး၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ပျော်ရွှင် ချမ်းမြေ့ကြပါစေကြောင်း၊ နှစ်သစ်အခါသမယကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေကြောင်းနှင့် သက်ဆိုင်ရာဘာသာတရားများ၏ အဆုံးအမနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးကိုရှေးရှု၍ မေတ္တာနှလုံးသား၊ သည်းခံခွင့်လွှတ်သော စိတ်ထားများဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာဂိုဏ်းချုပ်ဆရာတော်ကြီးတို့သည် ခရစ္စမတ်ကိတ်မုန့်ကို အတူတကွလှီး၍ ဂုဏ်ပြုကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကက်သလစ်ဆရာတော်ကျောင်းတိုက်မိသားစုအား ခရစ္စမတ် အထိမ်းအမှတ်လက်ဆောင်နှင့် အလှူငွေများ ပေးအပ်ခဲ့ပြီး ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာဂိုဏ်းချုပ် ဆရာတော်ကြီးကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ခရစ္စမတ် အထိမ်းမှတ် လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

၎င်းနောက် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ လက်ထောက်ဆရာတော်ကြီး ဂျွန်စောယောဟန်က ခရစ္စမတ်ဆုမွန်ကောင်းစကားပြောကြား၍ ဆုတောင်းမေတ္တာပို့သပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ ဆရာမကြီးများနှင့် သန္ဓေအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဖြစ်သဖြင့် နောက်လိုက်ကောင်းများဖြစ်လာစေရေး သင်တန်းများတွင် စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးရန်လို

**နေပြည်တော် ဒီဇင်ဘာ ၂၃**

**နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်**ဖြစ်သဖြင့် နောက်လိုက်ကောင်းများဖြစ်လာစေရေးသင်တန်းများတွင် စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသူ နည်းပြများအနေဖြင့် သင်တန်းသားများအား အရေအတွက်ထက် အရည်အချင်းပြည့်ဝစေရေး လေ့ကျင့်ဆောင်ရွက်၍ စစ်သားကောင်းဖြစ်အောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေး အဓိကထား လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ ဆရာမကြီးများနှင့် သန္ဓေအရာရှိများအား ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

## တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများနှင့် သန္ဓေအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်တို့က ၁၉၉၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ အရာရှိများ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့မှု၊ စာပေသင်ကြားပေးနိုင်ခဲ့မှုနှင့် လက်ရှိတာဝန်ထမ်းဆောင်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

- ❖ **သင်တန်းသားများ၏ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝမှုရှိစေရေး ဦးစားပေးလေ့ကျင့်သင်ကြားပေးနေရန်လို**
- ❖ **သင်တန်းသားနှင့် နည်းပြအချိုးကို မျှတအောင် ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် လေ့ကျင့်သင်ကြားပေးရာတွင် အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည်ဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ပြောကြားရာ၌ တပ်မတော်တွင် လေ့ကျင့်ရေးသည်အရေးကြီးကြောင်း၊ စွမ်းရည်ထက်မြက်ရေးအတွက် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးနှင့်အုပ်ချုပ်ရေးစွမ်းရည်တို့ဖြစ်ကြောင်း၊ အသိပညာနှင့် အတတ်ပညာများ ပေါင်းစပ်ဆောင်ရွက်ရခြင်းဖြစ်ပြီး တွေးခေါ်ကြံဆမှုများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စစ်တက္ကသိုလ်နှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့သည် စစ်ဘက်ခေါင်းဆောင်များကို တိုက်ရိုက်မွေးထုတ်ပေးပြီး ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် စသည့်တက္ကသိုလ်များသည် သက်ဆိုင်ရာဘာသာရပ်များတတ်ကျွမ်းသည့် စစ်ဘက်ခေါင်းဆောင်များ မွေးထုတ်ပေးလျက်ရှိကြောင်း၊ သင်တန်းကျောင်းများတွင် စစ်ပညာများ သင်ကြားပေးလျက်ရှိသကဲ့သို့ အတန်းပညာများကိုလည်း သင်ကြားပေးလျက်ရှိကြောင်း၊ တပ်မတော်တက္ကသိုလ်များနှင့် ပြင်ပတက္ကသိုလ်များသည် သင်ကြားရေးနှင့်ပတ်သက်၍ ကွာခြားမှုများရှိကြောင်း၊ ပြင်ပတက္ကသိုလ်များသည် မိမိကိုယ်တိုင်လေ့လာမှုများကို ဆောင်ရွက်၍ လက်တွေ့လေ့ကျင့်ခန်းများကို ကိုယ်တိုင်တွေးခေါ်မှုနှင့် ဆောင်ရွက်ပြီး စာမေးပွဲဖြေဆိုမှုများကို ပြုလုပ်ရကြောင်း၊ တပ်မတော်တက္ကသိုလ်များသည် ဘာသာရပ်များအလိုက် အချိန်ပြည့်သင်ကြားသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျက်မှတ်ရသည်များရှိသကဲ့သို့ ဖတ်ရှုလေ့လာရသည်များလည်း ရှိကြောင်း။

ချွေးထွက်များမှ သွေးထွက်နည်းမည်ဖြစ်သဖြင့် မိမိတို့လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အနာဂတ်ခေါင်းဆောင်များကို လေ့ကျင့်သားပြည့်ဝပြီး တပ်မတော်က အားကိုးအားထားရသူများဖြစ်လာစေရန် စနစ်တကျ လေ့ကျင့်ပေးရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအဆင့်အလိုက် သင်ကြားပေးလိုက်သည့် ဘာသာရပ်များအား အမှန်တကယ်တတ်ကျွမ်းပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုပြီး အသေးအဖွဲမှအစ ဂရုစိုက်ရန်လိုကြောင်း။

## အရည်အချင်းပြည့်ဝမှုရှိစေရေး

သင်တန်းသားများ၏ လေ့ကျင့်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝမှုရှိစေရေးဦးစားပေးလေ့ကျင့်သင်ကြားပေးနေရန်လိုကြောင်း၊ သင်တန်းသားနှင့် နည်းပြအချိုးကို မျှတအောင်ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် လေ့ကျင့်သင်ကြားပေးရာတွင် အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ Guardian စနစ်ဖြင့် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရာတွင် သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စာပေပညာဆိုင်ရာများ ကောင်းမွန်စေရေး အနီးကပ်တစ်ဦးချင်း ကြပ်မတ်ကွပ်ကဲ လေ့ကျင့်သင်ကြားဆောင်ရွက်နိုင်ရမည် ဖြစ်ကြောင်း၊ ထို့အတူ စာပေပညာရပ်များ သင်ကြားပေးရာတွင်လည်း သက်ဆိုင်ရာဘာသာရပ်များအလိုက် အမှန်တကယ်တတ်ကျွမ်း၍ ထူးချွန်သူများဖြစ်အောင် သင်ကြားပေးရန်လိုကြောင်း၊ သင်တန်းသားတစ်ဦးချင်း၏ အနေအထားကို သိရှိရန်လိုပြီး လိုအပ်ချက်၊ အားနည်းချက်များကိုဖော်ထုတ်၍ ဖိဖိစီးစီးသင်ကြားလေ့ကျင့်ပေးခြင်းဖြင့် အမှန်တကယ် အရည်အချင်းရှိသည့် သင်တန်းသားအရာရှိများကို မွေးထုတ်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ ထိုသို့မွေးထုတ်ပေးနိုင်ရန် အတွက်လည်း အရည်အချင်းပြည့်ဝသည့် နည်းပြများကို ရွေးချယ်ခန့်အပ်ထားခြင်း ဖြစ်သဖြင့် မိမိတို့ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ၊ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကို အသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်းဖြင့် မှာကြားသည်။

## မျက်ကွယ်ပြုနေ၍မရ

ထို့နောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ လျှောက်လှမ်းခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်သည် ပြည်သူများမှ ဆန္ဒမဲပေးခွင့်ရှိသူများ၏ ၉၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သဖြင့် မျက်ကွယ်ပြုနေ၍မရကြောင်း၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ဒီမိုကရေစီအစိုးရသက်တမ်းများတွင် တပ်မတော်အနေဖြင့် ဥပဒေအရပေးအပ်ထားသော တာဝန်များကို အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်မှစ၍ အနိုင်ရပါတီ၏လုပ်ဆောင်ချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည်ကို တွေ့ရှိရသဖြင့် မိမိအနေဖြင့် ဒီမိုကရေစီတွင် စည်းကမ်းတကျရှိရန်နှင့် တရားမျှတမှုရှိရန် အကြိမ်ကြိမ်တိုက်တွန်းပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲကျင်းပရာ၌ ကြိုတင်မဲပေးခြင်းများဆောင်ရွက်ရာတွင် ဥပဒေနှင့်ညီညွတ်မှုများမရှိသည်ကို သိရှိခဲ့ရပြီး ရွေးကောက်ပွဲကျင်းပချိန်တွင်လည်း မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို အချို့သောပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီများ၏ပြောကြားချက်အရ သိရှိခဲ့ရကြောင်း၊ မဲစာရင်းများအား ပြန်လည်စိစစ်ခဲ့ရာ မဲစာရင်း

**စာမျက်နှာ ၆ သို့ ❍**

# နိုင်ငံရေးပါတီများ ဆက်လက်တွေ့ဆုံ ဆွေးနွေး

**ရွေးကောက်ပွဲ မဲမသမာမှုများနှင့် ပတ်သက်၍လည်း ပြည်တွင်းပြည်ပက သိရှိအောင် ဆောင်ရွက်နေကြောင်း၊ ရွေးကောက်ပွဲတွင် မမှန်မကန် ဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများနှင့် ပါဝင်ပတ်သက်သူများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ဆက်လက်တွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း။**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၈/၂၀၂၂)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❍ စာမျက်နှာ ၅ မှ

မှားယွင်းမှုကိုတွေ့ရှိရသဖြင့် အစိုးရအဖွဲ့နှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများအား မဲစာရင်းမှားယွင်းမှုများအတွက် ဖြေရှင်းပေးရန် အကြိမ်ကြိမ် ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်အား ထမ်းဆောင်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်း၍ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ဆောင်ရွက်ပြီး နိုင်ငံတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရ၏ လက်တွေ့ကျသော ရည်ရွယ်ချက်နှင့် လက်ရှိလုပ်ဆောင်နေမှုသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးဆောင်ရွက်ရာတွင်လည်း အရပ်သားများကိုသာ ဥပဒေနှင့်အညီ အတွေ့အကြုံရှိပြီး အရည်အချင်းပြည့်ဝသူများကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အား အရေးပေါ်အခြေအနေဖြင့် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သော်လည်း ဒီမိုကရေစီနည်းလမ်းအရသာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင်လည်း အမုန်းတရားများမဖြစ်ပေါ်စေရန်နှင့် သွေးထွက်သံယိုမှုအနည်းဆုံးဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးရာတွင်အတတ်နိုင်ဆုံး မဲစာရင်းမှားယွင်းမှုမရှိစေရေးနှင့် မဲပေးပိုင်ခွင့်ဆုံးရှုံးမှုမရှိစေရေး၊ မသမာသည့်နည်းလမ်းဖြင့် မဲပေးမှုမရှိစေရေးတို့အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်များရရှိစေရေးအတွက် ဆောင်ရွက်လျက် ရှိရာ ယခုအချိန်အထိ ၂၅ ရာခိုင်နှုန်းခန့်သာပြီးစီးသေး၍ ၎င်းလုပ်ငန်းစဉ်ကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီအရဆောင်ရွက်ရာတွင် အချို့သော အဖွဲ့အစည်းများသည် အကြမ်းဖက်ဆောင်ရွက်မှုများရှိကြောင်း၊ မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်နေသောအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ခွဲခြားကြည့်ပါက လွတ်လပ်ရေးကာလမှ ၂၀၁၁ ခုနှစ်မတိုင်မီအချိန်အထိ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ အယူဝါဒများအရ သဘောထား တိုက်ဆိုင်မှုမရှိခြင်းကြောင့် လက်နက်ကိုင်ဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့များရှိကြောင်း၊ ၎င်းတို့အဖွဲ့များထဲမှ အချို့အဖွဲ့များအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) လက်မှတ်ရေးထိုးထားကြသူများဖြစ်သဖြင့် ၎င်းတို့နှင့်ပတ်သက်၍ ငြိမ်းချမ်းရေးနည်းလမ်းအရ ဆွေးနွေးဆောင်ရွက်နေသည့်အဖွဲ့များဖြစ်ကြောင်း၊ သို့သော် ၂၀၁၁ ခုနှစ်ဒီမိုကရေစီအသွင်ကူးပြောင်းပြီးနောက်ပိုင်းတွင် အချို့သော တိုင်းရင်းသားအဖွဲ့များသည် ဒီမိုကရေစီကို မျက်ကွယ်ပြု၍ လက်နက်ကိုင်ဆောင်ရွက်လာကြကြောင်း၊ ယခုအခါ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ပေါ်ပေါက်လာသည့် အကြမ်းဖက်အဖွဲ့အစည်းများရှိကြောင်း၊ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများအား မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန်မရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရန် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သော်လည်း ပါတီအချို့အနေဖြင့် လာရောက်တွေ့ဆုံဆွေးနွေးခြင်းမရှိကြောင်း၊ အစုအဖွဲ့လိုက် ထောက်ခံသူပြည်သူများကို ပါတီများကသာကိုယ်စားပြုပြီး ပုဂ္ဂလိကအနေဖြင့် ကိုယ်စားပြုမှုမရှိကြောင်း၊ နိုင်ငံရေးပါတီများသည်ပြည်သူများကိုကိုယ်စားပြုသည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကိုမျက်ကွယ်ပြု၍မရဘဲ အရေးယူရန်ရှိသူများကို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအထက်တွင် မည်သူမျှရှိ၍မရကြောင်း၊ ဥပဒေနှင့်ညီညွတ်မှုမရှိပါက ဥပဒေနှင့်အညီသာအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်၍ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ပေါ်ပေါက်လာသည့် အကြမ်းဖက်အဖွဲ့အစည်းများရှိကြောင်း၊ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများအား မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန်မရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရန် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သော်လည်း ပါတီအချို့အနေဖြင့် လာရောက်တွေ့ဆုံဆွေးနွေးခြင်းမရှိ**

## ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း PPTT(၇/၂၀) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

ပုသိမ် ဒီဇင်ဘာ ၂၃

ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ် ပညာသင်တန်း PPTT(၇/၂၀)မောင်မယ်သစ်လွင်ကြိုဆိုပွဲကို အဆိုပါဒီဂရီကောလိပ်ရှိ ပညာရတနာခန်းမ၌ ယနေ့ နံနက် ၁၀ နာရီခွဲက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းတက်ရောက်မည့် ဆရာ ဆရာမများအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ထောက်ပံ့ကြေး ငွေကျပ်သိန်း ၂၀ နှင့် ကြက်ဥများအား ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းနိုင်က လက်ခံရယူသည်။



အဆိုပါသင်တန်းသို့ ပုသိမ်ခရိုင်မှ ၃၁၅ ဦး၊ ဟင်္သာတခရိုင် မှ ၂၅၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ တစ်ဦး စုစုပေါင်း ၅၆၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၃ ရက်မှ မတ် ၄ ရက်အထိ ရက်သတ္တ ၁၁ ပတ်ကြာမြင့်မည်ဖြစ်သည်။

ယနေ့ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိပညာရေးဒီဂရီကောလိပ်များဖြစ်သည့် ပုသိမ်၌ ၅၆၆ ဦး၊ မြောင်းမြ၌ ၂၅၉ ဦး၊ဘိုကလေး၌ ၂၄၇ ဦး စုစုပေါင်း ၁၀၇၂ ဦး သင်တန်းတက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

■

## အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးအကြိုကာလနှင့် နှစ်သစ်ကူးနေ့ရက်တို့တွင် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုကြောင့် ပြည်သူများ အထိတ်တလန့်မဖြစ်စေရေး၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ တွင် ပါရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ ၌ ဖော်ပြထားသော ရက်စွဲအား **၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် (၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

✪ ကျောဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အဆင့်(၈၂)နေရာတွင် ရပ်တည်နေ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က တရားမဝင် ကုန်သွယ်မှုနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် ကမ္ဘာ့ တရားမဝင်ကုန်သွယ်မှု အညွှန်းကိန်းတွင် မြန်မာနိုင်ငံ သည် နိုင်ငံ(၈၄)နိုင်ငံအနက် အဆင့်(၈၂)နေရာတွင် ရပ်တည်နေပြီး ကမ္ဘာလုံးဆိုင်ရာ တရားမဝင် ကုန်သွယ်မှုအခြေအနေ အညွှန်းကိန်းကို အညွှန်း ကိန်း (၄)ခုဖြင့် တိုင်းတာရာတွင် အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှု ရှိသည့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်တို့ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ် စေသည့်အချက်များထဲမှ အဓိကအချက် (၁) ခု ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုကဏ္ဍ အင်အား ကြီးနေသမျှ တရားဝင် လုပ်ကိုင်သောလုပ်ငန်းများကို အဟန့်အတားဖြစ်စေကြောင်း၊ နယ်စပ်ကုန်သွယ်မှု ပမာဏ လျော့ကျခြင်းသည် တရားမဝင်ကုန်သွယ်မှု နှင့် ဆက်စပ်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာ နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှု ကိန်းဂဏန်းများကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် တရားမဝင်ကုန်သွယ်မှုများမှာ များစွာကွာဟမှုများ ရှိသည်ကို တွေ့ရကြောင်း။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင် ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချ နိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာသည့် အတွက် နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် တရားမဝင် ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများကို ထိထိ ရောက်ရောက် တားဆီးဆောင်ရွက်သွားရန် လိုအပ် မည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းပူးပေါင်း ဆွေးနွေး**

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြ သည့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ အနေဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး ထိထိရောက်ရောက် ဖြေရှင်း ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ စီမံချက်များနှင့် ရေတိုရေရှည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များကို ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးပေးကြ စေလိုကြောင်း၊ ကဏ္ဍတစ်ခုချင်းစီအပေါ် အခြေခံပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်း ကော်မတီများ၊ ဆပ်ကော်မတီများနှင့် အထူးလုပ်ငန်း အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်သွားရမည်ဖြစ်သည့် အပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့်လည်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တားဆီးသွားရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့ လက်ရှိတာဝန်ယူသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၁/၂၀၂၂ ဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန် မြန်ဆန်စေရေးဗဟိုကော်မတီအား ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏လုပ်ငန်းတာဝန်များ အပိုဒ် (၂)၊ အပိုဒ်ခွဲ (စ) တွင် တရားမဝင်ကုန်သွယ်မှု မဖြစ်ပေါ်စေရေး အတွက် အလေးထား၍ စီစဉ်ဆောင်ရွက်ရန် သတ်မှတ် ပြဋ္ဌာန်းထားရှိကြောင်း၊ ထို့ပြင် အမိန့်အမှတ် ၈၃/၂၀၂၂ ဖြင့် ဖွဲ့စည်းသည့် ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များ အပိုဒ် (၁၆) အပိုဒ်ခွဲ (ဃဃ)တွင် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းထားရှိကြောင်း။

စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုများကို စစ်ဆေးတွေ့ရှိပါက ဖော်ထုတ် ပေးခြင်း၊ ထိရောက်စွာ အရေးယူခြင်းဖြင့် ကုန်သည် များ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီး ကုန်သွယ်မှုပမာဏများ တိုးတက် ကာ နိုင်ငံတော်၏ အခွန်ဘဏ္ဍာများလည်း တိုးတက် ရရှိလာမည်ဖြစ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့်လည်း ဈေးကွက်အတွင်း တရားမျှတစွာ ဖြင့် ယှဉ်ပြိုင်လာစေခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေး ကဏ္ဍများမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ကြောင်း၊ တစ်ဖက်မှလည်း တရားမဝင် ကုန်သွယ်မှု များကို ထိထိရောက်ရောက် အရေးယူဆောင်ရွက် သွားရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း စုံစမ်း ထောက်လှမ်း ရှာဖွေဖမ်းဆီးသည့် အဖွဲ့အစည်းများကို သတ်မှတ်ရာခိုင်နှုန်းဖြင့် ဆုကြေးချီးမြှင့်ခြင်း၊ သတင်းပေးသူအား ဆုကြေးချီးမြှင့်ခြင်း၊ သတင်းပေး သူမရှိပါက နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းစေခြင်း တို့ကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဦးစီး၍ ဆက်စပ်ဝန်ကြီးဌာန (OSS) ဌာနများဖြင့် တရားမဝင်သယ်ဆောင်မှုများကို တားဆီးစစ်ဆေးလျက်ရှိကြောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေလ)အထိ ခန့်မှန်း ငါးနှစ်တာကာလအတွင်းတွင် အမှုတွဲ ၄၀၉၂ မှု၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၁၉,၂၀၆ ဒသမ ၄၉၉ နှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ မေလအထိ အမှုတွဲ ၂၇၄၉ မှု၊ တန်ဖိုးငွေကျပ် သန်းပေါင်း ၂၇,၂၈၁ ဒသမ ၇၈၉ ဖမ်းဆီးရမိခဲ့**

လက်ရှိအနေဖြင့် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြဝတီ-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန် ဦးစီးဌာနမှ ဦးစီး၍ ဆက်စပ်ဝန်ကြီးဌာန (OSS) ဌာနများဖြင့် တရားမဝင်သယ်ဆောင်မှုများကို တားဆီးစစ်ဆေးလျက်ရှိကြောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေလ) အထိ ခန့်မှန်း ငါးနှစ်တာကာလအတွင်းတွင် အမှုတွဲ ၄၀၉၂ မှု၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၁၉,၂၀၆ ဒသမ ၄၉၉ နှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ မေလအထိ အမှုတွဲ ၂၇၄၉ မှု၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၂၇,၂၈၁ ဒသမ ၇၈၉ ဖမ်းဆီးရမိခဲ့ကြောင်း။

**ဖမ်းဆီးရမိ**

အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ယခင်ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များ မှလည်း ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ ခန့်မှန်းကာလ သုံးနှစ် လေးလ အတွင်း၌ အမှုတွဲပေါင်း ၁၀၁၉၃ မှု တန်ဖိုးငွေကျပ်သန်း ပေါင်း ၆၉,၆၆၃ ဖမ်းဆီးရမိခဲ့ကြောင်း၊ သုံးနှစ်တာ ကာလအတွင်း အမှုတွဲ တစ်နှစ်ကို ပျမ်းမျှ ၃၃၉၇ မှု နှင့် တန်ဖိုးငွေကျပ် ၂၃၂၂၂ သန်း ဖမ်းဆီးရမိကြောင်း၊ မိမိတို့ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဖွဲ့စည်းပြီးနောက် တိုင်းဒေသ ကြီး၊ ပြည်နယ်အသီးသီးတွင်လည်း ယခင်ဖွဲ့စည်း ထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို အားလုံးပြန်လည်ပြင်ဆင်ဖွဲ့စည်း ထားရှိပြီး ဖမ်းဆီးရရှိမှုအခြေအနေမှာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ ကိုးလတာ ကာလအတွင်း အမှုတွဲ ၁၅၁၆ မှု၊ တန်ဖိုးကျပ်သန်း ပေါင်း ၆,၀၆၇ ဖမ်းဆီးရမိပြီး တစ်လလျှင် ပျမ်းမျှ အမှုတွဲ ၁၆၈ မှု တန်ဖိုးကျပ်သန်းပေါင်း ၆၇၄ ကျော် ဖမ်းဆီးရမိကြောင်း။

**အခွန်တိမ်းရှောင်မှုများ လျော့နည်းအောင်**

ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ နိုင်ငံတော်ဘက်မှ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့သင့် သည်များကိုလည်း ဖြေလျှော့မှုများ ဆောင်ရွက်ပေး နေသကဲ့သို့ တစ်ဖက်မှလည်း တရားဥပဒေစိုးမိုးပြီး တရားမဝင်ကုန်သွယ်မှုများ၊ အခွန်တိမ်းရှောင်မှုများ လျော့နည်းသွားအောင် လုပ်ဆောင်ရန် လိုအပ် ကြောင်း၊ နိုင်ငံတော်၏ အခွန်ဘဏ္ဍာ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုနေသည့် ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုစခန်းများမှ တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရေးအတွက် မိမိတို့ ဦးဆောင်ကော်မတီ မှ အမြဲမပြတ် စောင့်ကြည့်ပြီး ဆောင်ရွက်သွားမည့် အစီအမံများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့မှလည်း ပူးပေါင်းဆောင်ရွက် သွားမည့် အစီအမံများကို ယခုအစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းသွားရန် လိုအပ်မည်ဖြစ်ကြောင်း။

စစ်ဆေးရေးစခန်းများတွင် စာရွက်စာတမ်း အထောက်အထားများနှင့် တိုက်ဆိုင်စစ်ဆေးရာ၌ ကုန်ပစ္စည်းအရေအတွက် ပိုမိုသယ်ဆောင်ခြင်း၊ ကုန်ပစ္စည်းအမည်လွဲ သယ်ဆောင်ခြင်း၊ ဖြစ်သင့် ဖြစ်ထိုက်သည့် စည်းကြပ်တန်ဖိုးထက် လျော့နည်း သည့်ပမာဏဖြင့် အခွန်စည်းကြပ်မှုခံယူခြင်းတို့ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ ရရှိစေရန်နှင့် နစ်နာမှုမရှိစေရေး သက်ဆိုင်ရာဌာနများ၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန် လိုအပ် ကြောင်း၊ ဖမ်းဆီးရမိပစ္စည်းများနှင့်ပတ်သက်၍ ဖမ်းဆီးပြီးအချိန်မှ လေလံတင်ရောင်းချပြီး အချိန် သည် ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများ ဖြစ်သဖြင့် မှန်ကန်မြန်ဆန်စေရေး သက်ဆိုင်ရာ ဌာနများ၏ လုပ်ထုံးလုပ်နည်းများအား စိစစ် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဖမ်းဆီးရမိပစ္စည်းများအား ကြမ်းခင်းဈေး သတ်မှတ်ရာတွင် မြေပြင်၌ ဖြစ်ပေါ်နေသည့် ဈေးနှုန်း နှင့် အနီးစပ်ဆုံးဖြစ်စေရေးနှင့် ပိုမိုမြန်ဆန်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိ ပစ္စည်းများအား အပ်နှံရာတွင် နှောင့်နှေးကြန့်ကြာမှု များကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့ အတွက် သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်း များကို ပူးပေါင်းညှိနှိုင်းပြင်ဆင်နိုင်ရေး ဆောင်ရွက်ရန် ပြောကြားလိုကြောင်း၊ မြေပြင်တွင် တရားမဝင် ကုန်သွယ်မှု တားဆီး၊ ဖမ်းဆီးသည့် အဖွဲ့များအတွက် ဖမ်းဆီးရမိဆုကြေးငွေများအား အမြန်ဆုံး ခွဲဝေ ထုတ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများမှ လိုအပ် သည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက် ပေးသွားရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခု ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအား တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် တာဝန်ပေးအပ်ထားပြီးဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရာတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် တရားမဝင်ကုန်သွယ် မှုများလျော့နည်း ကျဆင်းပြီး နိုင်ငံတော်မှ ရသင့် ရထိုက်သည့်အခွန်အခများ အပြည့်အဝရရှိနိုင်ရေး အတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက် ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဒုတိယ ဝန်ကြီး ဦးညွန့်အောင်က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းထားရှိမှု နှင့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ် နိုင်ရေး ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အဆိုပြု မြေပြင်လုပ်ငန်းစီမံချက်(မူကြမ်း)ကို လည်းကောင်း၊ တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၁/၂၀၂၂) အစည်းအဝေးအမှာစာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းတို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုများနှင့် ကာကွယ်တားဆီးနိုင်ရေးအတွက် အကြံပြုချက်များ ကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်က ရေပူနှင့် မရမ်းချောင်အမြဲတမ်း ကုန်ပစ္စည်းစစ်ဆေးရေးစခန်းများအား ရှောင်ကွင်း သွားလာနိုင်သည့် လမ်းကြောင်းများ တားဆီးပိတ်ဆို့ ရေးစီမံချက်များကို လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌက မန္တလေး(၁၆)မိုင်ဂိတ် ကုန်ပစ္စည်း စစ်ဆေးရေးစခန်းများအား ရှောင်ကွင်းသွားလာနိုင် သည့် လမ်းကြောင်းများ တားဆီးပိတ်ဆို့ရေးစီမံချက် များကိုလည်းကောင်း၊ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌက ကော့ကရိတ်တံတားကျိုး စုပေါင်းစစ်ဆေးရေးစခန်း အား ရှောင်ကွင်းသွားလာနိုင်သည့် လမ်းကြောင်းများ တားဆီးပိတ်ဆို့ရေးစီမံချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်ကြ သူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍ အလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ်(၁၈ / ၂၀၂၁) ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၃**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေး (၁၈ /၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးမြင့်ကြိုင်၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာကြသည့် အမှာစာကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြရန်ကိစ္စရပ်များနှင့် ကော်မတီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို အတည်ပြုသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ ၁၆/၂၀၂၁ အစည်းအဝေးတွင် ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆောင်ရွက်ရမည့်ကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဦးမျိုးလှိုင်၊ ဦးမင်းထိန်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကူးပြောင်းကြိုးစားကြရာတွင် နည်းပညာ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများအား စဉ်းစားသုံးသပ်ဆောင်ရွက်သွားရန် လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

Digital Transformation in Tourism: The Future of Myanmar ခေါင်းစဉ်ဖြင့် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**စဉ်းစားသုံးသပ် ဆောင်ရွက်**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ယခင်က နိုင်ငံတကာဧည့်သည်များ ခရီးသွားလာရာတွင် Lonely Planet ကဲ့သို့ စာအုပ်စာစောင်များ ကိုင်ဆောင်သွားလာခဲ့ကြသော်လည်း ယနေ့ခေတ်တွင် smart phone ထဲ၌ application များ ထည့်သွင်းအသုံးပြုပြီး မိမိသွားလိုသည့်နေရာများသို့ သွားရောက်လည်ပတ်လျက်ရှိပါကြောင်း၊ ဟိုတယ်တည်းခိုမှုများတွင်လည်း booking ပြုလုပ်ရာ၌ online မှတစ်ဆင့် အသုံးပြု၍ လုပ်ဆောင်လာကြပါကြောင်း၊ ထို့အတွက် ဒစ်ဂျစ်တယ်နည်းပညာရပ်သည် အရေးကြီးသောအခန်းကဏ္ဍတစ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကူးပြောင်းကြိုးစားကြရာတွင်လည်း နည်းပညာ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများအား စဉ်းစားသုံးသပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်



နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်တို့က ကဏ္ဍအလိုက် တင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးမှုများအပေါ် အဖွဲ့ (၄)ဖွဲ့ခွဲ၍ Digital Infrastructure၊ Human Resources Development in Digital Age၊ Digital Services နှင့် Digital Marketing and Promotion စသည့် ခေါင်းစဉ် (၄) ခုဖြင့် အဖွဲ့လိုက် စားပွဲဝိုင်းဆွေးနွေးမှုများကို လုပ်ဆောင်ကြပြီး အဖွဲ့ (၄)ဖွဲ့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် panel discussion ပြုလုပ်ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ၏ သဘာပတိဖြစ်သူ ညွှန်ကြားရေးမှူး ဦးဇေယျာမျိုးအောင်က အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလဒ်များအပေါ် အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ဆွေးနွေးချက်ရလဒ်များအပေါ် သုံးသပ်အကြံပြုတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အလုပ်သမားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ Skilled Labor များ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ Certificates ထုတ်ပေးရေး၊ စက်ရုံများ မှတ်ပုံတင်ရေး၊ ဥတ္တရသီရိခရိုင်နှင့် ဒက္ခိဏသီရိခရိုင်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဟိုတယ်လုပ်ငန်းများ၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသေးစားချေးငွေလုပ်ငန်းများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ် အသိပညာပေးပွဲအစီအစဉ်သို့ Online မှ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်တို့က မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးဝန်ဆောင်မှုဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရေး၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍများဖြစ်သည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဖြစ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ စစ်တွေဆိပ်ကမ်းလုပ်ငန်းစတင်လည်ပတ်ရေးလုပ်ငန်း၊ တမူး-ကျီကုန်း-ကလေးဝလမ်းပေါ်ရှိ တံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း၊ တမူးနယ်စပ်တွင် အဆင့်မီဘက်ပေါင်းစုံစစ်ဆေးရေးဂိတ် တည်ဆောက်ရေးစီမံကိန်း၊ နှစ်နိုင်ငံ ပြည်သူချင်းထိတွေ့ဆက်ဆံမှု ပိုမိုခိုင်မာလာစေရေးနှင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။


**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ရှရီ ဆော်ရက်(ဘ်)ကူမား၊



အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် ရှရီမတီ စမီတာ ပန့်နှင့် အိန္ဒိယနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ရုံးအမှတ်(၄၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယ-မြန်မာ နယ်စပ်ဒေသများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**သတင်းစဉ်**

# အထည်အလိပ်ကဏ္ဍသည် လုပ်သားအခြေပြုစက်မှုလုပ်ငန်းဖြစ်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာနမှ မိဘဂုဏ်ရည်ကုမ္ပဏီ၊ ရွှေစကားကုမ္ပဏီလီမိတက်၊ မြတ်မိဘကုမ္ပဏီလီမိတက်၊ Leader One Co., Ltd. တို့သို့ ငှားရမ်းထားသည့် စက်ရုံများသို့ရောက်ရှိပြီး အဝတ်အထည်များ ချုပ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အထည်အလိပ်မူဝါဒ ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံငှားရမ်းသည့် ကုမ္ပဏီများအနေဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ(National Textile Policy)ကို ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေးအတွက် ရေးဆွဲလျက်ရှိကြောင်း၊ အထည်အလိပ်ကဏ္ဍသည် လုပ်သားအခြေပြုစက်မှုလုပ်ငန်းဖြစ်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထည်အလိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျှင် ထုတ်လုပ်မှုကွင်းဆက်(Supply Chain)တစ်လျှောက် ပါဝင်လုပ်ကိုင်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိ၍ လူနေမှုအဆင့်အတန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စက်ရုံငှားရမ်းကုမ္ပဏီများအနေဖြင့် ရရှိသည့် အမြတ်အစွန်းမှ အချို့ကို ဝန်ထမ်းများ၏ သက်သာချောင်ချိရေး လုပ်ငန်းများအတွက် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။



အဆိုပါ အထည်ချုပ်စက်ရုံများတွင် ဝန်ထမ်း ၃၀၀၀ ခန့်ဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးဝတ်အထည်အမျိုးမျိုး၊ အနွေးဂျာကင်များ၊ ဘောင်းဘီရှည်များ ထုတ်လုပ်၍ ကိုရီးယား၊ ဂျပန်၊ ဥရောပ နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး အထည်ချုပ်လုပ်ငန်းကဏ္ဍလက်ရှိအခြေအနေ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်ရှိ အမှတ်(၂၄)အကြီးစားစက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှိ အရင်းအမြစ်များကို အကျိုးရှိအောင် စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများကို စီမံချက်များချမှတ်ဆောင်ရွက်ရန်၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် အထောက်အကူပြုမည့် အရည်အသွေးမီ ဆိုလာပြားများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံ၊ စက်ပစ္စည်းများနှင့်ပတ်သက်သည့် ပုံသေပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ် (Asset Management) ကို စနစ်တကျဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များကို Business Plan များ ရေးဆွဲဆောင်ရွက်ရန်တို့ကို မှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# (၇၄)နှစ် လွတ်လပ်ရေးနေ့အတွေးအမြင်

စာချစ်သူ

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယဖြစ်သည်။

မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝသို့ကျရောက်ခဲ့ရာမှ တစ်မျိုးသားလုံး အသက်သွေး၊ ချွေးများ ပေးဆပ်ရင်းနှီးပြီး တို့ဗမာအစည်းအရုံးနှင့် ဖဆပလအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြသည်။


၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးမိန့်ခွန်းပြောကြားစဉ်။

**မားသားအိန္ဒိယကို လွတ်လပ်ရေး ရယူဆောင်ကြဉ်း**

ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာ အပါအဝင် အာရှနိုင်ငံအများစုသည် မရှေးမနှောင်း ကိုယ်စီကိုယ်စီ လွတ်လပ်ရေးရရှိခဲ့ကြသည်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံကြီးသည် မြန်မာထက် လေးလခွဲမျှ စောသည်။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အိန္ဒိယကွန်ဂရက်ပါတီ၏ ဦးဆောင်မှုဖြင့် နယ်ချဲ့ဗြိတိသျှတို့လက်မှ မားသားအိန္ဒိယကို လွတ်လပ်ရေး ရယူဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

အိမ်နီးချင်း တရုတ်နိုင်ငံကြီးကတော့ မြန်မာထက် တစ်နှစ်ကျော် နှစ်နှစ်နီးပါး နောက်ကျခဲ့သည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဥက္ကဋ္ဌကြီးမော်ဦးဆောင်သော တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီက ဖက်ဆစ်ဂျပန်နှင့် နိုင်ငံရေးပြိုင်ဘက်ကွန်မင်တန်တပ်များကို တွန်းလှန်တိုက်ခိုက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့သည်။

မြန်မာ၊ တရုတ်၊ အိန္ဒိယ သုံးနိုင်ငံသည် လူဦးရေနှင့် နယ်မြေအမျိုးအစားအရ ကွာဟမှုရှိခဲ့သော်လည်း အာရှ၌ မဟာဗျူဟာ အချက်အချာကျသည်။ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယတို့က ပို၍ ကျောချင်းကပ်ခဲ့ကြသည်။ အိန္ဒိယကွန်ဂရက်ပါတီ ခေါင်းဆောင် ဂျဝါဟာလာလနေရူးနှင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးကျော်ငြိမ်း စသည့် မြန်မာခေါင်းဆောင်တို့သည် နိုင်ငံရေးအရသာမက ပုဂ္ဂိုလ်ရေးအရပါ ရင်းနှီးသည်။

လွတ်လပ်ရေးနှင့် ပတ်သက်၍ အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံ ဘယ်သူအရင် လွတ်လပ်ရေးရယူဆွတ်ခူးနိုင်မလဲ မေးခွန်းကို နေရူးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ခန့်မှန်းသုံးသပ်လေ့ရှိကြသည်။ နေရူးက အိန္ဒိယသည် မြန်မာထက်စောပြီး လွတ်လပ်ရေးရမည်ဟု ခန့်မှန်းသည်။

ကံတူအကျိုးပေး မြန်မာ၊ တရုတ်၊ အိန္ဒိယ သုံးနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်တွင် အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့ကြရသည်။ သို့ကြောင့်မို့ နိုင်ငံခေါင်းဆောင်များသည် နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေး၊ အင်အားတောင့်တင်းရေး တို့အတွက် ကိုယ်စီကိုယ်စီ မျှော်မှန်းချက်များ ထားရှိခဲ့ကြသည်။

**အချက်အချာနိုင်ငံဖြစ်**

မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "မြန်မာပြည်ဟာ ငယ်ပေမယ့်သူ့အလျောက် တန်ဖိုးရှိတယ်။ ရှေးကတော့ မရှိဘူး၊ ယခု မြန်မာပြည်ဟာ ဥရောပတိုက်မှာ ဘယ်လ်ဂျီယံပြည်နဲ့တူတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာပြည်ဟာ အိန္ဒိယပြည်နဲ့ တရုတ်ပြည်ကြီး နှစ်ပြည်ကြားမှာရှိပြီး အင်မတန်စစ်ဘက်က အရေးပါအရာရောက် အကွက်ကျတဲ့ အချက်အချာနိုင်ငံဖြစ်နေတယ်။ စစ်နဲ့ ပတ်သက်ပြီး စစ်ပစ္စည်းတွေလည်း ရှိတယ်။ ပြီးခဲ့တဲ့ ကမ္ဘာစစ်ကြီးမှာ မြန်မာပြည်ဟာ ဘယ်လောက်အရေးပါတယ်ဆိုတာ အပြင်ဘက်လူတွေကိုယ်တိုင် မြင်သလောက်မြင်ကြတယ်။ ကျွန်တော်တို့ကတော့ အတွင်းကျကျ လုပ်ခဲ့လို့သိတယ်။ နိုင်ငံတကာအရေးကိစ္စတွေ ပေါ်ပေါက်လာတဲ့ အချိန်ကျမှ နောက်ကဝင်ပြီး မြန်မာနိုင်ငံက ခြေထိုးနိုင်တယ်။ အဲဒီလို မြန်မာပြည်က အရေးပါတဲ့ အခြေအနေကိုရောက်နေတယ်။

မြန်မာပြည် လွတ်လပ်တဲ့အချိန်အခါမှာ ဘယ်သူလာပြီး ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုတာကို ကျုပ်မလန့်ဘူး။ မြန်မာပြည်လူထုညီညွတ်ဖို့ လိုတယ်။ နိုင်ငံရေးစားဖားတွေ ညီညွတ်ဖို့မလိုဘူး။ ဘယ်သူတွေ ညီညွတ်ရမယ်ဆိုရင် တက်ခေတ်မြန်မာပြည်မှာ တက်အံ့ဆဲဆဲ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်မယ်ဆိုရင် မြန်မာပြည်ညီညွတ်မှာပဲ။ တစ်ယောက်နဲ့တစ်ယောက် အကြောင်းပြချက်မလုံလောက်ဘဲ မညီမညွတ်ဖြစ်နေရင် အချုပ်အခြာအာဏာပိုင်အဖြစ် ရောက်နိုင်မှာ မဟုတ်ဘူး"ဟု ၁၉၄၇ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင်ကျင်းပသော နိုင်ငံရေးရှင်းလင်းပွဲမိန့်ခွန်း၌ ညီညွတ်ရေးနှင့် ပတ်သက်၍ သတိပေးပြောကြားခဲ့သည်။

**နိုင်ငံရေးရှင်းလင်းပွဲ**

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမ၌ မြွက်ကြားခဲ့သော ရန်ကုန်နယ်လုံးဆိုင်ရာ နိုင်ငံရေးရှင်းလင်းပွဲကြီးတွင်မူ "လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလိုဖြစ်ချင်သလား၊ တူရကီလိုဖြစ်ချင်သလား၊ အိုင်ယာလန်လိုဖြစ်ချင်သလား၊ ဆိုဗီယက်ရုရှားလို ဖြစ်ချင်သလား။ မြန်မာပြည်လွတ်လပ်ရေးရတဲ့အခါမှာ ပြန်လည်ထူထောင်ရေး စီမံကိန်းများကို အမျိုးမျိုးသော နည်းများနဲ့လုပ်မှ၊ ခပ်ရိုင်းရိုင်း မြန်မာစကားပြောရရင် အတော့်ကိုပြဲအောင် ကြိုးစားလုပ်ကိုင်မှ အနှစ် ၂၀ ကျော်လောက်ကြာမှ မြန်မာပြည် တော်ရုံရောက်မယ်။ မလုပ်လို့ရှိရင် ယိုးဒယားတောင်မီမှာမဟုတ်ဘူး။ အခြားလွတ်လပ်သော တိုင်းပြည်များ ခြေတစ်လှမ်းလှမ်းရင် ကိုယ်ခြေ ၄-၅ လှမ်း လှမ်းနိုင်မှ တော်ရုံကျမယ်။ အဲဒီလို မလုပ်ရင် ဟိုလူလာလည်း မျက်နှာချိုသွေးရ၊ ဒီလူလာလည်း မျက်နှာချိုသွေးရနဲ့ 'ဖာသည်'နိုင်ငံ ဖြစ်မှာပဲ။

လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်းညီညွတ်မှုတွေကို ထိန်းထားပါ။ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကိုလွတ်လပ်ရေးအရသာ ကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဖို့၊ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ ခင်ဗျားတို့ စောက်ကျင့်တွေ ပြင်ဖို့လိုနေပြီလို့ ကျွန်တော်ပြောခဲ့မယ်" ဟူ၍ ဗိုလ်ချုပ်က နောက်ဆုံးမိန့်ခွန်းအဖြစ် မြန်မာပြည်သူလူထုကို ခပ်ကြမ်းကြမ်း သတိပေးနှိုးဆော်သွားခဲ့ရှာသည်။

**လွတ်လပ်ရေးနေ့ မိန့်ခွန်း**

အိန္ဒိယနိုင်ငံခေါင်းဆောင်ကြီး နေရူးကမူ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်နှင့် ၁၅ ရက်နေ့ သန်းခေါင်ယံအချိန်၌ နယူးဒေလီမြို့တော်ရှိ ပါလီမန်လွှတ်တော်အဆောက်အအုံ ဗဟိုခန်းမကြီးထဲ၌ ဥဒါန်းတွင်ရစ်မည့် လွတ်လပ်ရေးနေ့မိန့်ခွန်းအဖြစ် "ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာအကြာမှစ၍ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ ယခု ကျွန်ုပ်တို့၏ ကြိုးပမ်းချက်မှာ အကောင်အထည် ပေါ်လာပြီဖြစ်သည်။

သန်းခေါင်ယံအချိန် လူ့လောက တစ်ခွင်လုံးအိပ်မောကျနေစဉ် အိန္ဒိယပြည်သည် အသက်ဝင်လှုပ်ရှားကာ လွတ်လပ်ရေး ပန်းတိုင်အရောက် ချီတက်ပေတော့မည်။ အဟောင်းမှ အသစ်သို့လည်းကောင်း၊ အဖိနှိပ်ခံဘဝမှ လွတ်လပ်ခြင်းသို့လည်းကောင်း ကူးပြောင်းပေတော့မည်" ဟူ၍ မျှော်လင့်ချက်အပြည့်၊ ဝမ်းမြောက်ဂုဏ်ယူမှုအပြည့်ဖြင့် ပြောကြားခဲ့ပေသည်။

သို့ရာတွင် နေရူးသည် တစ်ဖက်ကလည်းမားသားအိန္ဒိယ၏ကြီးလေးသော တာဝန်များကို ကြိုတင်၍ ခန့်မှန်းတွက်ချက်ထားခဲ့သည်။ သမီးဖြစ်သူ အင်ဒီရာဂန္ဒီထံ ထောင်တွင်းမှ ရေးသားပေးပို့ခဲ့သည့် 'သမီးထံသို့ပေးစာများ' ထဲတွင် 'လွတ်လပ်ရေးကို ဖေဖေတို့ အမှန်တကယ်လိုချင်တယ်။ ဒါပေမဲ့ လွတ်လပ်ရုံနဲ့မပြီးသေးဘူး။ အမိနိုင်ငံမှာ ရှိနေတဲ့ ဖုန်မှုန့်အညစ်အကြေးတွေ၊ ဆင်းရဲငတ်ပြတ်မှုတွေ၊ ဒုက္ခတွေကို ဖယ်ရှားပစ်နိုင်ဖို့ လိုသေးတယ်။ ပြီးတော့ လူတွေရဲ့စိတ်ဓာတ်မြင့်မားလာအောင်လုပ်ရဦးမယ်။ အစွမ်းကုန်ဆောင်ရွက်ဖို့လိုတယ်။ ပူးပေါင်းဆောင်ရွက်စရာတွေလည်း ရှိတယ်။ တိုင်းသူပြည်သားတွေရဲ့ ခံယူချက်မြင့်မားမလာရင် လုပ်စွမ်းနိုင်မှာမဟုတ်ဘူး။ အခုလိုလုပ်ဖို့ရာ တာဝန်ကြီးလှတယ်။ အချိန်တွေ အများအပြားလိုမယ်။ အနည်းဆုံး အစပြုကြိုးစားပြင်ဆင်ထားဖို့တော့ လိုလိမ့်မယ်သမီး' ဟု ရေးသားခဲ့သည်။

စာမျက်နှာ ၁၁ သို့

❖ **ဒေသတွင်း ကံတူအကျိုးပေး မြန်မာ၊ တရုတ်၊ အိန္ဒိယတို့၏ လွတ်လပ်ရေးကြိုးပမ်းမှု ခြေလှမ်းများကား သိပ်မကွာလှ၍ လွတ်လပ်ရေးအောင်ပန်းကို ရယူဆွတ်ခူးရာတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရှေ့ဆင့်နောက်ဆင့်မျှသာကွာခြား**

❖ **မြန်မာပြည်က ဝါဒစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကြောင့် ပေါ်ပေါက်လာသော လွတ်လပ်ရေး၏ဖွားဖက်တော် နိုင်ငံရေးပဋိပက္ခများ၊ လက်နက်ကိုင်ပဋိပက္ခများ စသည့်ဝဲသြဃထဲတွင် ချာချာလည်ခဲ့ရသည်။ သို့ရာတွင် တရုတ်နှင့် အိန္ဒိယတို့သည် အတိတ်က အမှားအယွင်းများကို သင်ခန်းစာရယူတတ်ကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်ခဲ့ကြသည်။ အမှားကိုဆင်ခြင်သည်။ အမှန်ကိုရှေးရှုသည်။ ရဲဝံ့စွာလျှောက်လှမ်း**

❂ စာမျက်နှာ ၁၀ မှ

**အနီရောင်အလံများ ရဲရဲတောက်**

၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ထျန်းအန်းမင်ရင်ပြင်တွင် လူ နှစ်သိန်း၊ သုံးသိန်းခန့် စုဝေးနေကြသည်။ အနီရောင်အလံများကလည်း ရဲရဲတောက်နေသည်။ ဥက္ကဋ္ဌကြီး မော်စီတုံးက “တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီး၏ ဗဟိုပြည်သူ့အစိုးရကို ယခု တည်ထောင်လိုက်ပါပြီ။ ကျွန်တော်တို့ တရုတ်ပြည်သူတွေ ကိုယ့်ခြေထောက်ပေါ်ကိုယ် မတ်မတ်ရပ်နိုင်ခဲ့ပြီ” ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားခဲ့သည်။

ဒေသတွင်း ကံတူအကျိုးပေးမြန်မာ၊ တရုတ်၊ အိန္ဒိယတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှု ခြေလှမ်းများကား သိပ်မကွာလှ၍ လွတ်လပ်ရေး အောင်ပန်းကို ရယူဆွတ်ခူးရာတွင်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရှေ့ဆင့်နောက်ဆင့်မျှသာ ကွာခြားခဲ့ကြသည်။

သို့တစေ လွတ်လပ်ပြီးခေတ် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင်မူ များစွာကွာဟသွားခဲ့လေသည်။ တရုတ်နှင့် အိန္ဒိယတို့သည် အင်အားကြီးနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သော်ငြား မြန်မာကား ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးအဆင့်မျှသာ။

**အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရ**

တရုတ်၊ အိန္ဒိယ၊ မြန်မာ သုံးနိုင်ငံစလုံးသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေများနှင့် လွတ်လပ်စနိုင်ငံများ၏ သဘာဝအတိုင်း အခက်အခဲများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါသည်။

အိန္ဒိယပြည်ကြီးက လွတ်လပ်ရေး ရပြီးနောက် ပါကစ္စတန်၏ခွဲထွက်မှု၊



ဗိုလ်ချုပ်အောင်ဆန်းနှင့် အိန္ဒိယနိုင်ငံခေါင်းဆောင် ဂျဝါဟာလာလ်နေရူး။

အိန္ဒိယ-တရုတ်စစ်ပွဲ၊ ဆင်းရဲမွဲတေမှုနှင့် ဇာတ်နိမ့်ဇာတ်မြင့် လူတန်းစားခွဲခြားမှု၊ ဟိန္ဒူ-မွတ်စလင် ဘာသာရေးပဋိပက္ခများ စသည့်စိန်ခေါ်မှုပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။

တရုတ်ပြည်ကြီးက မြေယာပြုပြင်ပြောင်းလဲရေး၊ မဟာခုန်ပျံကျော်လွှားမှုကြီး၊ ယဉ်ကျေးမှုတော်လှန်ရေးစသည့် ပေါ်လစီအမှားများကြောင့် အခက်အခဲကြုံတွေ့ခဲ့ကြရသည်။

မြန်မာပြည်က ဝါဒစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကြောင့် ပေါ်ပေါက်လာသော လွတ်လပ်ရေး၏ ဖွားဖက်တော် နိုင်ငံရေးပဋိပက္ခများ၊ လက်နက်ကိုင်ပဋိပက္ခများ စသည့် ဝဲဩဃထဲတွင် ချာချာလည်ခဲ့ရသည်။

သို့ရာတွင် တရုတ်နှင့် အိန္ဒိယတို့သည် အတိတ်က အမှားအယွင်းများကို သင်ခန်းစာ ရယူတတ်ကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်ခဲ့ကြသည်။ အမှားကို ဆင်ခြင်သည်။ အမှန်ကို ရှေးရှုသည်။ ရဲဝံ့စွာ လျှောက်လှမ်းသည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ၁၉၇၈ ခုနှစ် (၁၁)ကြိမ်မြောက် ဗဟိုကော်မတီ တတိယစုံညီအစည်းအဝေးအတွင်း ရေးဆွဲခဲ့သော ပေါ်လစီများအတွင်း တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးသည် အခြေခံနိုင်ငံတော်ဝါဒပေါ်လစီ ဖြစ်လာခဲ့သည်။ တရုတ်ပြည်၏ ကံကြမ္မာသည် ထိုအချိန်ကစတင်ပြီး မိုးမြေသိမ့်သိမ့်တုန်မျှ အပြောင်းအလဲကြီးများ ဖြစ်ပေါ်ခဲ့သည်။

**မှိုငြမ်းကိုးကားရာမှာ သတိထားဖို့လို**

တရုတ်ပြည် ပြုပြင်ပြောင်းလဲရေး ဗိသုကာ တိန့်ရှောင်ဖိန်က ၁၉၈၂ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော တရုတ်ပြည် ကွန်မြူနစ်ပါတီ (၁၂) ကြိမ်မြောက် ပြည်လုံးဆိုင်ရာ ကွန်ဂရက်ဖွင့်ပွဲအခမ်းအနားတွင် “ကျွန်တော်တို့ရဲ့ ခေတ်မီတည်ဆောက်ရေးဟာ လက်တွေ့က အစချီရမယ်။ တော်လှန်ရေးပဲဖြစ်ဖြစ်၊ တည်ဆောက်ရေးပဲဖြစ်ဖြစ် တိုင်းတစ်ပါးရဲ့ အတွေ့အကြုံကို လေ့လာရာနဲ့ မှိုငြမ်းကိုးကားရာမှာ သတိထားဖို့လိုပါတယ်။ ဒါပေမယ့် တခြားနိုင်ငံရဲ့အတွေ့အကြုံဖြစ်ဖြစ်၊ ပုံစံဖြစ်ဖြစ်၊ ပုံတူကူးချတာဖြစ်ဖြစ် အတုံးလိုက် အတစ်လိုက် ပုံတူကူးချခြင်းဟာ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ပါဘူး။ ဒီဘက်မှာ မနည်းလှတဲ့သင်ခန်းစာတွေ ကျွန်တော်တို့မှာ ရှိခဲ့ပြီးပါပြီ”ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကမူ သက်တမ်းအားဖြင့် (၇၄)နှစ်ရှိခဲ့ချေပြီ။ သို့တစေ ပစ္စက္ခတိုင် အတိတ်သင်ခန်းစာများကို ရယူနိုင်ခဲ့ခြင်း မရှိသေးချေ။ လက်ရှိကာလတွင်လည်း ပြည်ပအားကိုး ပုဆိန်ရိုးများသည် ပြည်ပသြဇာခံ၍ အမိမြန်မာနိုင်ငံတော်ကို ကျရှုံးနိုင်ငံဖြစ်ရန် တစိုက်မတ်မတ်ကြံစည်လုပ်ဆောင်လျက် ရှိကြပြန်သည်။ ယခင်က အေးချမ်းသာယာခဲ့သော ဒေသအချို့သည် မီးဟုန်းဟုန်းတောက်လောင်လျက်ရှိသည်။ ဒေသခံပြည်သူအချို့သည် စစ်ဘေးရှောင်ဒုက္ခသည်များ ဖြစ်ကုန်သည်။ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြိုင်ဘက်ပါတီဝင်များစွာတို့သည် အကြမ်းဖက်သမားတို့၏ ပစ်မှတ်ဖြစ်လာပြီး လုပ်ကြံသတ်ဖြတ်ခြင်း ခံနေကြရသည်။

ဆိုရလျှင် မြန်မာသည် ရှေ့သို့လှမ်းရမည့်အစား နောက်ပြန်လှမ်းနေသည်။ ဒေသတွင်း အာဆီယံနိုင်ငံများကမူ ရှေ့သို့ ခပ်သုတ်သုတ်လှမ်းနေကြသည်။ အိမ်နီးချင်းလာအိုက ယခုရက်ပိုင်းအတွင်း မှာပင် အမေရိကန်ဒေါ်လာခြောက်ဘီလီယံ တန်ဖိုးရှိလာအို-တရုတ် ကျည်ဆန်ရထားလမ်းသစ်ကို ဖွင့်လှစ်ခဲ့သည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကူမင်းမြို့မှ လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်းအထိ ကီလိုမီတာပေါင်း ၁၀၀၀ ကျော်ရှည်လျားသည့် အဆိုပါ ရထားလမ်းကို တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ လာအိုက သူတို့၏ ပထမဆုံးကျည်ဆန်ရထားကို “လန်ချန်း”ဟု အမည်ပေးထားသည်။ အာရှ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် ခေတ်မီကမ္ဘာကို လှမ်းခုန်ရောက်ရှိသွားသည့် အကြီးမားဆုံးခြေလှမ်းတစ်ရပ် ဖြစ်သည်ဟု ဆိုသည်။

**မြို့ပတ်ရထားလမ်းစီမံကိန်းပြီးစီး**

ဗီယက်နမ်နိုင်ငံဘက် မျက်နှာမူ လှည့်ကြည့်ပြန်တော့ ဟနွိုင်းမြို့တော်၌ ဆယ်နှစ်ကြာ တည်ဆောက်ခဲ့သော မြို့ပတ်ရထားလမ်း စီမံကိန်းပြီးစီးသွား၍ နိုဝင်ဘာလ ၆ ရက်တွင် စတင်ပြေးဆွဲနေသည်။ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ခရီးစဉ်အစအဆုံးမှာ ၁၃ ကီလိုမီတာရှိသည်။ ဘူတာ ၁၂ ခုပါဝင်ပြီး ၂၃ မိနစ်သာ ကြာမြင့်သည်။ အမေရိကန်ဒေါ်လာ ၈၆၈ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံက နိုဝင်ဘာလ ၂၄ ရက်တွင် အရှည် ၁၃၃၁ မီတာနှင့် အကျယ် ၁၃ ဒသမ ၅ မီတာရှိ မဲခေါင်မြစ်ကူးတံတားဖွင့်ပွဲကို ကျင်းပခဲ့သည်။ ရှစ်စင်းမြောက် မဲခေါင်မြစ်ကူးတံတားဟု ဆိုသည်။

ထိုနေ့တစ်ရက်တည်းမှာပင် ကုလသမဂ္ဂအထွေထွေညီလာခံက ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် နီပေါနိုင်ငံတို့ကို ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ (LDCS) အဆင့်မှ လွတ်မြောက်သွားခဲ့ကြောင်း အတည်ပြုလိုက်သည်။

၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က ကျင်းပခဲ့သော (၄၂) နှစ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (၉၆) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အရ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ဖြစ်ခဲ့ရသည့် မြန်မာနိုင်ငံကတော့ လက်ရှိကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံး စာရင်းဝင်နိုင်ငံပေါင်း ၄၆ နိုင်ငံထဲတွင် ကျန်ရှိနေဆဲ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့က ကျရောက်သော (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့တွင် ပေးပို့သည့်သဝဏ်လွှာ၌ “တိုင်းပြည်၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေး ရပြီးချိန်မှစ၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေးပဋိပက္ခများကို အခြေခံသည့် ရိုက်ခတ်မှုကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား နိုင်ငံရေးဝါဒမတူညီမှု၊ အယူအဆ မတူညီမှုများနှင့် သံသယများ တိုးပွားစေပြီး လက်နက်ကိုင် ပဋိပက္ခများကိုဖြစ်ပေါ်စေခဲ့ပါသည်။ ထိုပဋိပက္ခများကို ဖြေရှင်းနေရခြင်းကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားများအားလုံး အေးအတူ၊ ပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ရင်း အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ပေးကြရမည် ဖြစ်ပါသည်”ဟု ဖော်ပြခဲ့သည်။

**သန္နိဋ္ဌာန်တစ်ရပ်ရှိဖို့သာလို**

သို့ဆိုလျှင် မြန်မာသည် မြန်မာနှင့် အတူ မရှေးမနှောင်း လွတ်လပ်ရေး ရရှိခဲ့ကြသည့် တရုတ်၊ အိန္ဒိယနိုင်ငံကြီးများကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်၊ ချမ်းသာကြွယ်ဝအောင် အတိတ်သင်ခန်းစာများကို အလေးအနက် ဆင်ခြင်သုံးသပ်ကြရပါတော့မည်။ နိုင်ငံတစ်နိုင်ငံ၏ (၇၄) နှစ်သက်တမ်း ဆိုသည်မှာ ဘာမျှမရှိသေးပါ။ အချိန်ရှိပါသေးသည်။ ပစ္စက္ခ (၇၄)နှစ်မြောက် လွတ်လပ်ရေးမှသည် အနာဂတ် ဖွံ့ဖြိုးရေးဆီသို့ဟူသည့် လေးနက်ခိုင်ကျည်သော သန္နိဋ္ဌာန်တစ်ရပ်ရှိဖို့သာ လိုအပ်ပါသည်။

အနာဂတ် မျိုးဆက်များအတွက် ကျွန်တော်တို့ လက်တွဲမဖြုတ်စတမ်း ကြိုးပမ်းကြပါစို့။ ။



# မြန်မာ့ဆိုင်းပညာ၊ ဇာတ်ခုံတင်ဆက်မှုနှင့်ပတ်သက်သော ပညာနှင့် နည်းပညာရပ်များကို ဆက်လက်သုတေသနပြု တင်ဆက်ပေးနိုင်ရန်အကြံပြုလို

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အနုပညာဦးစီးဌာန၏ "အနုသုခုမဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ-၂၀၂၁"ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သုတေသနဆိုသည်မှာ နယ်ပယ်အသီးသီးတွင် မရှိမဖြစ်သည့် လုပ်ငန်းဖြစ်ကြောင်း၊ အချို့သောလုပ်ငန်းများသည် သုတေသနဟု အမည်မခံသော်လည်း သုတေသနသဘောသက်ဝင်သည့် လေ့လာစူးစမ်းမှုများ ပါဝင်နေတတ်ကြောင်း၊ အနုပညာဦးစီးဌာနအနေဖြင့် သုတေသနအလုပ်ကို ဖောင်းပေးထားခြင်းမရှိသော်လည်း တီထွင်ဆန်းသစ်မှုများကို ဖန်တီးရကြောင်း၊ ယင်းသည် အမည်မခံသည့် သုတေသနတစ်ရပ်ဖြစ်ကြောင်း၊ အနုပညာဦးစီးဌာနရှိ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ၏ အလုပ်တာဝန်များပင်ဖြစ်ကြောင်း။

**စာတမ်းငါးစောင်**

ယနေ့စာတမ်းဖတ်ပွဲတွင် တင်သွင်းကြမည့် စာတမ်းငါးစောင်ဖြစ်သော မြန်မာ့လွန်းရာကျော် ကြိုးကြီးချိတ်၊ ကိုလိုနီခေတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပအိုဝ်းတိုင်းရင်းသားတို့ရဲ့ ဓလေ့ထုံးစံများ၊ မြန်မာ့ရုပ်စုံသဘင်ဇာတ်တော်ကြီးတင်ဆက်မှု အခန်းကဏ္ဍကိုလေ့လာခြင်းနှင့် ချစ်သမျှကို သစ္စာတိုင်ပတ်ပျိုး၏ အနှစ်သာရများဟူသည့် စာတမ်းများသည် လေ့လာမှုစာတမ်းများ ဖြစ်သကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုတွင် ပါဝင်သည့် စာတမ်းများဖြစ်ကြသည့်အတွက် သုတ၊ ရသ စွယ်စုံပေးနိုင်မည့် စာတမ်းများဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အနုပညာဦးစီးဌာနအနေဖြင့် မြန်မာ့ဆိုင်းပညာနှင့် ပတ်သက်သော၊ ဇာတ်ခုံတင်ဆက်မှုနှင့်ပတ်သက်သော ပညာနှင့် နည်းပညာရပ်များကို ဆက်လက်သုတေသနပြု တင်ဆက်ပေးနိုင်ရန် အကြံပြုလိုကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက စာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် သုတေသနလက်ထောက်-၁ ဒေါ်မီမီက "မြန်မာ့လွန်းရာကျော် ကြိုးကြီးချိတ် (ကြိုးကြီးချိတ် အဆင်ဒီဇိုင်းများလေ့လာချက်)" စာတမ်းကိုဖတ်ကြားရာ ဦးတင်မောင်လွင် (ပါမောက္ခ-ငြိမ်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-ရန်ကုန်)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သုတေသနလက်ထောက်-၂ ဦးတင်လတ်ယုက "ကိုလိုနီခေတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု" စာတမ်းကို ဆက်လက်ဖတ်ကြားရာ ဦးညွှန့်ဟန် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)က သဘာပတိအဖြစ် ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ အနုပညာရှင်-၂ ဦးရွှေအိုး က "ပအိုဝ်းတိုင်းရင်းသားတို့၏ဓလေ့ထုံးစံများ" စာတမ်းကိုဖတ်ကြားရာ ဦးညွှန့်ဟန် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) က သဘာပတိအဖြစ်လည်းကောင်း၊ ဒေါ်ဇင်မာဝင်း (ပန်တျာကျောင်းအုပ်၊ အနုပညာအထက်တန်းကျောင်း-ရန်ကုန်)က ရုပ်စုံသဘင်ဇာတ်တော်ကြီးတင်ဆက်မှုအခန်းကဏ္ဍကို လေ့လာခြင်းစာတမ်းကို ဖတ်ကြားရာ ဦးအောင်တိုး(ကထိက-ငြိမ်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-ရန်ကုန်)က သဘာပတိအဖြစ်လည်းကောင်း၊ ပြင်ပဂီတပညာရှင် စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့က "ချစ်သမျှကို သစ္စာတိုင်ပတ်ပျိုး၏ အနှစ်သာရများ" စာတမ်းကို ဖတ်ကြားရာ ဦးအောင်တိုး (ကထိက-ငြိမ်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-ရန်ကုန်)က သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံးက နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲသို့ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဦးထွန်းအုံး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသူများ၊ ဝန်ကြီးဌာနအသီးသီးမှ သုတေသီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းတစ်ရပ်၏ပြယုဂ်- ခေါင်းဆောင်မှု အရင်းအမြစ်တည်ဆောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဆောင်ရွက်ခဲ့သော "ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းတစ်ရပ်၏ ပြယုဂ်-ခေါင်းဆောင်မှု အရင်းအမြစ်တည်ဆောက်ခြင်း" ဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရုံးအမှတ် (၁၇) စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက်၍ ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်သော ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သုရဦးဘိုနီနှင့် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကာလမှာ ဒီဇင်ဘာ ၂၁ ရက် မှ ၂၃ ရက်အထိဖြစ်ပြီး သတ်မှတ်ခေါင်းစဉ်များအလိုက် ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ အုပ်စုအလိုက်ခွဲ၍ဆွေးနွေးခြင်း၊ ဆွေးနွေးမှုရလဒ်များကိုပြန်လည်တင်ပြခြင်း၊ ရလဒ်များသုံးသပ်ဖော်ထုတ်ခြင်း၊ အကောင်းဆုံးဆွေးနွေးတင်ပြသူများ၊ အကောင်းဆုံးပါဝင်ဆွေးနွေးသူများနှင့် အကောင်းဆုံးအုပ်စုအလိုက် ဆွေးနွေးတင်ပြသည့်အုပ်စုအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်သား ၅၀၀၀ စစ်ဆေးအကဲဖြတ်နိုင်ရန် လျာထားသတ်မှတ်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ ကျင်းပသည်။

**ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဩဂုတ် ၁၇ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ရုံးစိုက်ရာဒေသဖြစ်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်ရန်နှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊ စက်မှုဇုန်များ စံပြဖြစ်စေရေးအတွက် ကျွမ်းကျင်လုပ်သားများအား အဆင့်အလိုက်



ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ NSSA မှ လုပ်ငန်းစီမံချက်ရေးဆွဲ၍ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ရည်ရွယ်ကျင်းပခြင်းဖြစ်**

လုပ်ငန်းစဉ် အကောင်အထည်ဖော်ရန် အဓိကကျသည့် အတည်ပြု ခန့်အပ်ထားသော အလုပ်အကိုင်အလိုက် Assessor များ၏ လက်ရှိပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရာတွင် ကုန်ကျစရိတ်များ ပြန်လည်ညှိနှိုင်းရန် ယနေ့အစည်းအဝေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

NSSA အနေဖြင့် ၂၀၂၁-၂၀၂၂ Mini Budget တွင် အလုပ်အကိုင်များမှ လုပ်သား ၄၂၄ ဦးကိုစစ်ဆေးအကဲဖြတ်ရန်လျာထားပြီး NSSA မှ စစ်ဆေးနေသော အလုပ်အကိုင်များတွင် လုပ်သားအင်အားအများစု လုပ်ကိုင်နေသည့် အထည်ချုပ်အလုပ်အကိုင်ကို ဦးစားပေးစစ်ဆေးရန်လိုကြောင်း၊ လုပ်သားအင်အား ၃၀၀ အထက်ရှိသည့် အထည်ချုပ် စက်ရုံများတွင် NSSA ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်၍ စက်ရုံရှိဝါရင့်ကြီးကြပ်ရေးမှူးများကို စစ်ဆေးအကဲဖြတ်သူများ၊ Chief Assessor အဖြစ် သတ်မှတ်နိုင်ရေး လေ့ကျင့်ပေးရန်လိုအပ်ကြောင်း၊ ဆက်လက်၍ အိမ်တွင်းလျှပ်စစ်တပ်ဆင်ရေးလုပ်သား၊ လေအေးပေးစက်တပ်ဆင်လုပ်သားများကို စစ်ဆေးပေးရန် တိုက်တွန်းလိုကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်သား ၅၀၀၀ စစ်ဆေးအကဲဖြတ်နိုင်ရန် လျာထားသတ်မှတ်ထားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အပြင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလုပ်အကိုင်အလိုက် Assessment Center များတွင် လုပ်သားများအား Skills Certificate ပေးအပ်နိုင်ရေး စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်၍ တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း။

အလုပ်အကိုင်အလိုက် Assess-ment Center တာဝန်ခံများအနေဖြင့် လုပ်သားတစ်ဦး စစ်ဆေးအကဲဖြတ်ရေး ကုန်ကျစရိတ်များနှင့်ပတ်သက်ပြီး ခေတ်ကာလနှင့်ကိုက်ညီ၍ အနည်းဆုံးကုန်ကျစရိတ် ဖြစ်စေရေး တွက်ချက် တင်ပြစေလိုကြောင်း၊ အနာဂတ်တွင် လာရောက်စစ်ဆေးခံသည့် လုပ်သားများအတွက် အလုပ်ရှင်များက ကုန်ကျစရိတ်အပေါ် အချိုးကျ ကျခံနိုင်ရေး အကြံပြုတင်ပြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီဝင်များနှင့် တက်ရောက်လာသူများက ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြ၍ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးရလိုမှုကို အခြေခံသည့် အကြမ်းဖက်ဝါဒ မပြန့်ပွားစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လို**




နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန် တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေး (12th ADMM-Plus Experts' Working Group on Counter-Terrorism Meeting EWG on CT Meeting) ကို ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ADMM-Plus EWG-CT ပူးတွဲဥက္ကဋ္ဌများ ဖြစ်ကြသော မြန်မာ့တပ်မတော်မှ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်၊ ရုရှားတပ်မတော်မှ Major General Grigory TURIN တို့နှင့်အတူ အာဆီယံနိုင်ငံများ၊ အာဆီယံဆွေးနွေး ဖက်နိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ အမေရိကန်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက် ကြသည်။

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများ ဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ တို့က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်နိုင်ငံများက အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး စာတမ်းများ ဖတ်ကြားဆွေးနွေးသည်။ မြန်မာနိုင်ငံက "The Terrorist Attacks, Threatening National Security in Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိပါး နှောင့်ယှက်နေမှုများမှာ တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများနှင့် မူးယစ်ဆေးဝါးပြဿနာများအပါအဝင် လက်ရှိ ဖြစ်ပေါ်နေသော NUG နှင့် PDF တို့၏ အကြမ်းဖက် လုပ်ရပ်များဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုများ၊ ဥပဒေမဲ့ ဆောင်ရွက်ချက်များကြောင့် နိုင်ငံတော် ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး တပ်မတော်မှ နိုင်ငံတော် တာဝန်များကို ခေတ္တထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲ မသမာမှုများကို ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာရန် နည်းလမ်း ပေါင်းစုံဖြင့် ကြိုးစားခဲ့သော်လည်း NLD အစိုးရအနေဖြင့် အကြိမ်ကြိမ်ပယ်ချခဲ့ပြီး နောက်ဆုံးတွင် ၎င်းတို့၏ အငြင်းပွား ဖွယ်ရာ ရွေးကောက်ပွဲရလဒ်နှင့် အစိုးရ အသစ် ဖွဲ့စည်းရန် ကြိုးစားလာခြင်း ကြောင့်သာ နိုင်ငံတော်၏ အရေးပေါ် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရခြင်း ဖြစ်ကြောင်း ဦးစွာ ရှင်းလင်းပြောကြား သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်ပြောကြားရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများမှ အကြမ်းဖက်မှုသို့ အဆင့်ဆင့်ကူးပြောင်းခဲ့ ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေ ဖြင့် အကြမ်းဖက်မှုများသို့ ကူးပြောင်း လာချိန်မှသာ အနည်းဆုံးအင်အား အနိမ့် ဆုံးအဆင့်ဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ ကြောင်း၊ CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး ယင်းအကြမ်းဖက် အဖွဲ့အစည်းများက စစ်ဘက်ပစ်မှတ်မဟုတ်သည့် အရပ်ဘက် ပစ်မှတ်များကို အကြမ်းဖက်တိုက်ခိုက် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း၊ NUG အဖွဲ့၏စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများက "ငါနဲ့မတူ၊ ငါ့ရန်သူ" အယူအဆဖြင့် အပြစ်မဲ့ ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲပြီး အုပ်ချုပ်ရေးမှူးများနှင့် NLD ကို မထောက် ခံသည့် သာမန်ပြည်သူများကို ရက်ရက် စက်စက် သတ်ဖြတ်မှုများ ပြုလုပ် ခဲ့ကြောင်း၊ အထူးသဖြင့် CDM မလုပ်ဘဲ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် တာဝန် ထမ်းဆောင်နေသည့် ဆရာ ဆရာမ များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် မြို့နယ် ဆရာဝန်ကြီး အပါအဝင် ကျန်းမာရေးဝန်ထမ်းများကိုပါ လုပ်ကြံသတ်ဖြတ်မှုများပြုလုပ်ခဲ့ကြောင်း၊ လတ်တလောဖြစ်ပေါ်နေသော အကြမ်း ဖက်လုပ်ရပ်များသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြစ်ပွားနေခြင်း မဟုတ်ဘဲ NUG၊ PDF အမည်ခံ အကြမ်း ဖက်အဖွဲ့များက အကြောက်တရားဖြင့် ထိန်းချုပ်ဆောင်ရွက်နေသည့် နေရာ တချို့တွင်သာ ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်းနှင့် ၎င်းအကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အစွန်းရောက် NLD ပါတီထောက်ခံသူ များ၏ ပါဝင်ပတ်သက်မှုများကို အထောက် အထားများဖြင့် ရှင်းလင်းပြောကြားသည်။

**တစ်ဖက်သတ်လုပ်ကြံသတင်းများ ရေးသားခြင်း**

ဆက်လက်၍ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် လုပ်ရပ်များကို နိုင်ငံတကာမှမသိရှိစေရန် နှင့် လိုရာဆွဲပုံဖော်နိုင်ရန် အစိုးရ ဆန့်ကျင် သည့် မီဒီယာများမှ တစ်ဖက်သတ် လုပ်ကြံသတင်းများ ရေးသားခြင်း၊ မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံရေးရည်မှန်း ချက်ရှိသည့် အုပ်စုများအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ဖြစ်စဉ် များအပေါ်တွင် မဟုတ်မမှန် ဇာတ်လမ်း များကို လုပ်ကြံဖန်တီး တည်ဆောက် လျက်ရှိခြင်း၊ မီဒီယာနည်းပညာနှင့် ငွေကြေးအကူအညီရယူပြီး ထိုသို့ မဟုတ်မမှန် အကြောင်းအရာများကို ကြိမ်ဖန်များစွာ ထုတ်ပြန်ရေးသားခြင်း များကြောင့် Political Narrative များ ဖြစ်လာပြီး အမှန်တရားအလွန် နိုင်ငံရေး Post-truth Politics ၏ လက်နက်တစ်ခု အဖြစ် လုပ်ဆောင်နေကြကြောင်း။

ကမ္ဘာပေါ်တွင် အကြမ်းဖက်ဝါဒအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံအားလုံး သဘောတူညီထားသည့် စံသတ်မှတ်ချက် မရှိသော်လည်း NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် လုပ်ရပ်များမှာ ကမ္ဘာ့နိုင်ငံကြီးများ၏ အကြမ်းဖက်ဝါဒ စံသတ်မှတ်ချက်များနှင့် ထပ်တူကျနေကြောင်း၊ ထို့ကြောင့် အချုပ် အခြာအာဏာပိုင် မြန်မာနိုင်ငံ အနေဖြင့် မိမိနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေများအတိုင်း ဆောင်ရွက်လျက်ရှိပြီး INTERPOL အပါအဝင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း အကြမ်းဖက်မှု တိုက်ဖျက်ရေး အဖွဲ့အစည်းများထံသို့လည်း အကြောင်း ကြားထားပြီးဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံ တချို့အနေဖြင့် ထိုအကြမ်းဖက် အဖွဲ့အစည်းများကို ထိတွေ့ဆက်ဆံမှုများ ပြုလုပ်နေခြင်းသည် အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုရာ ရောက်နေ ကြောင်း၊ CRPH၊ NUG၊ PDF တို့၏ အကြမ်းဖက်မှုလုပ်ရပ်များကို မျက်ဝါး ထင်ထင်သိရှိနေလျက်ဖြင့် ၎င်းတို့ကို အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုရန် ခက်ခဲနေသော ဒီမိုကရေစီနိုင်ငံကြီးအချို့၏ စဉ်းစားမှုကို နားမလည်နိုင်ကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးရလိုမှုကို အခြေခံသည့် အကြမ်းဖက်ဝါဒ မပြန့်ပွားစေရေး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းစသည်ဖြင့် ဆွေးနွေး ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ရုရှားနိုင်ငံက "Threats to the national security of the Russian Federation emanating from the activities of international terrorist organizations" ခေါင်းစဉ်ဖြင့် ဆွေးနွေး ရာတွင် ရုရှားနိုင်ငံ၏ အမျိုးသား လုံခြုံရေး ကို ခြိမ်းခြောက်လျက်ရှိသည့် အိမ်နီးချင်း နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသမှ အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်အဖွဲ့ အစည်းများအကြောင်းကို ဆွေးနွေး ပြောကြားသည်။ ဆက်လက်၍ "Evaluation of National Security Threats" ခေါင်းစဉ်ဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးက ၎င်းတို့နိုင်ငံများ၏ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ရှင်းလင်းဆွေးနွေး သည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသည့် အာဆီယံ ၁၀ နိုင်ငံ နှင့် ဆွေးနွေးဖက်နိုင်ငံများက စာတမ်းများ အပေါ် ၎င်းတို့၏အမြင်များကို အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

အစည်းအဝေးသို့ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ASEAN Defence Ministers' Meeting-Plus (ADMM-Plus) လုပ်ငန်းစဉ်အောက်တွင် အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင် လုပ်ငန်းအဖွဲ့ (ADMM-Plus EWG on CT) ၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ထမ်းဆောင် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## ကမ္ဘာပေါ်၌ ရက်သတ္တပတ်လျှင် လူ ၅၀၀၀၀ ခန့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ ဒီဇင်ဘာ ၂၃**
ကမ္ဘာပေါ်တွင် သီတင်းပတ်တစ်ခုကုန်ဆုံးပြီးသည့်အချိန်တိုင်း လူ ၅၀၀၀၀ ခန့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးနေရသည်ကို တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဂီဘရီယီဆက်က ပြောကြားသည်။

အထက်ပါပြောကြားချက်အား ယမန်နေ့က မီဒီယာများနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့ခြင်းဖြစ်ပြီး ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသာတူညီမျှရရှိရေးဆောင်ရွက်ရန်အတွက်လည်း ၎င်းက တောင်းဆိုခဲ့သည်။ လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သာတူညီမျှမရရှိခြင်းကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနေရသည်ကို တွေ့မြင်နေရကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူပေါင်း ၃ ဒသမ ၅ သန်း အသက်ဆုံးရှုံးခဲ့ကြောင်းနှင့် ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသောအချိန်မှ လက်ရှိအချိန်အထိ လူပေါင်း ၅ ဒသမ ၃ သန်းကျော် သေဆုံးခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြန့်ဖြူးရေး၌ အခက်အခဲများရှိနေသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ၏ ထက်ဝက်ခန့်တွင်သာ နိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းအား ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာ့နိုင်ငံတိုင်းရှိ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် COVAX ကဲ့သို့သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထောက်ပံ့ရေးအစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လုံလောက်စွာရရှိရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကာကွယ်ရေးအတွက် သတိထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာနည်းပညာအကြီးအကဲ မာရီယာဗန်ကာကိုဗီက ပြောကြားသည်။ ၂၀၂၂ ခုနှစ်၌ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအဆုံးသတ်ရေးအတွက် မျှော်လင့်ထားကြောင်း ဂီဘရီယီဆက်က ပြောကြားသည်။ **ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - စိုးသူရ**

## ဗြိတိန်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းကျော်ဖြင့် စံချိန်တင်

**လန်ဒန် ဒီဇင်ဘာ ၂၃**
ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၆၁၂၂ ဦးဖြင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စံချိန်တင်ခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစတင်ကာ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် တစ်သိန်းကျော်ခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၆၄၇၄၇၃ ဦးရှိလာကြောင်းလည်း သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၀ ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၄၇၅၇၃ ဦးရှိလာကြောင်း သိရသည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုများရှိနေသော်လည်း ခရစ္စမတ်ကာလမတိုင်မီကာလအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းများကို ထပ်မံချမှတ်မည်မဟုတ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အတည်ပြုပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉ ဒသမ ၂၅ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဒီဇင်ဘာ ၂၃**
အာဖရိကတိုက်၌ ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၂၅၉၈၁၃ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၂၂၆၅၃၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၈၄၀၅၆၃၁ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်ကာ အာဖရိက အလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■

## ဂျပန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၀၀ အထိရှိလာ

**တိုကျို ဒီဇင်ဘာ ၂၃**
ဂျပန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၀ အား ထပ်မံတွေ့ရှိသဖြင့် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၀ အထိရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများအနက် ၃၃ ဦးမှာ အမေရိကန်၊ ဗြိတိန်၊ ကင်ညာ၊ နိုင်ဂျီးရီးယား စသောနိုင်ငံများ၌ သွားရောက်နေထိုင်ခဲ့သူများဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကျိုတိုခရိုင်၊ အိုဆာကာခရိုင်နှင့် ချီဘာခရိုင်တို့၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးစီတွေ့ရှိရပြီး အိုကီနာဝါခရိုင်၌ လေးဦးကူးစက်ခံရကြောင်း သိရသည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်မှုများတွင် ကျိုတိုနှင့်အိုဆာကာခရိုင်တို့၌ အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများမှာ လူအစုလိုက်အပြုံလိုက် ရောဂါကူးစက်မှုများမှတစ်ဆင့် ကူးစက်ခြင်းဖြစ်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၉၅ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂၃**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၄၉၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၄၇၅၆၉၇၆ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၃၄ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၇၈၇၅၉ ဦးရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၇၈၂၉၁ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၆၉၆၀ ရှိခြင်းကြောင့် ရောဂါမှပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၄၂၀၈၉၂၆ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၇၇၆၃၆၇၈၅ ဦး |
| သေဆုံးသူ | ၅၃၉၆၃၅၂ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၄၈၈၇၃၇၉၅ ဦး |

## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၀၉၅ ဦး ထပ်မံတွေ့ရှိ

**အန်ကာရာ ဒီဇင်ဘာ ၂၃**
တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၉၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၂၈၈၃၅ ဦးရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၉ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၈၀၉၅၇ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၂၈၁၆ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၅၆ ဒသမ ၇၃ သန်းကျော်ရှိကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၅၁ ဒသမ ၂၈ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၂၆ ဒသမ ၅၆ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏ တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေးအလို့ငှာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှ ဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ ရောက်ရှိသိမ်းဆည်းထားခြင်းများ ရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်


**နေပြည်တော် ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာအတွင်း ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် လာရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာ၌ ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၃၀၀ ခန့်က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏အနောက်ဘက်သို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှ အလောင်း ကိုးလောင်း၊ အာပီဂျီ တစ်လက်(ပျက်စီး)၊ လက်လုပ်မိုင်း တစ်လုံး၊ လျှပ်စစ်ဒီတိုနေတာ အခု ၂၅၀၊ မီးရှို့စနက်တံအခု ၄၀၀၊ ယမ်းကြိုး (မီတာ ၅၀ ပါ) လေးခွေတို့ကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး တာဝန်သိပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာ၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ။





အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် အာပီဂျီ၊ လက်လုပ်မိုင်း၊ လျှပ်စစ်ဒီတိုနေတာ၊ မီးရှို့စနက်တံနှင့် ယမ်းကြိုးခွေများကို တွေ့ရစဉ်။

## မလေးရှားနိုင်ငံသို့ ပို့ဆောင်၍ လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မလေးရှားနိုင်ငံသို့ ပို့ဆောင်၍ လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာအုပ်စု မင်းခေါင်းဆေးကျေးရွာနေ ဖော်ဝင်းက ကျွန်းစုမြို့နယ်နေ မောင် xxx ၂၂ နှစ်နှင့် မောင် xxx ၂၀ နှစ်တို့အား မလေးရှားနိုင်ငံရှိ စားသောက်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ရင်းဂစ် ၁၂၀၀ ရမည်ဟု စည်းရုံးပြောဆို၍ မလေးရှားနိုင်ငံသို့ ပို့ဆောင်ကာ လုပ်အားခငွေများအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကျွန်းစုမြို့မရဲစခန်းက (ပ) ၅၉/ ၂၀၂၀ နှင့် (ပ) ၇၅/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ တို့ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် တရားခံ ဖော်ဝင်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်စီဖြင့် ပေါင်း (၁၄)နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဒီဇင်ဘာ ၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် သဒ္ဒါတရားအလွန်ထက်သန်သော သူဆင်းရဲမလေး မစံပယ်အကြောင်း သရုပ်ဖော်ထားသည့် “သဒ္ဒါစိတ်” မျက်နှာဖုံးကာတွန်း၊ ဆောင်းဥတုအချိန် လေ့လာမှတ်သားဖွယ်ရာများကို တင်ဆက်ထားသည့် “ဆောင်းဥတု၏အအေးဆုံးအပူချိန်” သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ပါဝင်သရုပ်ဖော်ထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ အိမ်သန့်ရှင်းရေးကို ကိုယ်တိုင်လုပ်ကာ ကိုယ်တိုင်ထမင်းချက်တတ်သည်ဆိုသော ဂူးဂူးအကြောင်း သရုပ်ဖော်ထားသည့် “ဖြိုးရဲ့နှင့် ဂူးဂူး” နှစ်မျက်နှာကာတွန်း၊ မိဘအပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့် ပြုမူလိုက်သည့် မိမိ၏အပြုအမူကို ပြန်တွေးမိတိုင်း လွန်စွာကျေနပ်အားရဖြစ်နေသော လွှမ်းမိုးအောင်အကြောင်း ရေးဖွဲ့ထားသည့် “စာနာနားလည်စိတ်” ဝတ္ထုကဏ္ဍ၊ အဘွားကိုကြောက်သောကီးကီးနှင့် အဘွားကို မကြောက်သော ဘိုးဘိုးတို့အကြောင်း သရုပ်ဖော်ထားသည့် “ကီးကီးနှင့် ဘိုးဘိုး” တစ်မျက်နှာကာတွန်း၊ နဂါးတစ်ကောင်နှင့် အချစ်ဆုံးသူငယ်ချင်း ဖြစ်နေသော နတ်သမီးလေးအကြောင်း ရေးဖွဲ့ထားသည့် “နတ်သမီးလေးအလင်္ကာနဲ့ နဂါးငယ်လေး” ပုံပြင်ကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်သည်။ **သတင်းစဉ်**



# ကံကောင်းခြင်းကို သင်ဖန်တီးနိုင်

ဇော်လေး

**ဖန်တီးလို့ရ၊ မရ**

Every man is his own historian.

လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကိုကိုယ်ရေးနေကြတဲ့ ကိုယ်တိုင်သမိုင်းရေးဆရာတွေပါပဲ။

ကံကောင်းခြင်းကို ဖန်တီးလို့ရသလား။

သင်ဘယ်လိုထင်ပါသလဲ။

သေချာပေါက်အဖြေရှိတာပေ့ါ။

ကံကောင်းခြင်းဆိုတာကို ဖန်တီးလို့ရပါတယ်။

ကံကောင်းခြင်းကို ဖန်တီးတယ်ဆိုတာ ပတ်ဝန်းကျင်ကို ဖန်တီးတာပါပဲ။ ကံကောင်းခြင်းကိုရနိုင်၊ မရနိုင်ဆိုတာ တကယ်တော့ မိမိကိုယ်တိုင်နဲ့သာ သက်ဆိုင်တာပဲ။ မိမိအပေါ်မှာပဲ မူတည်တယ်။

ဘဝတစ်ခုဟာ အစပြုတာရှိသလို အဆုံးနိဂုံးလည်း ရှိပေတာပေ့ါ။ ခရီးတစ်ခု သွားနေသလိုပါပဲ။ မုချရောက်ရမယ့် ဘူတာစဉ်တွေမှာ မှတ်တိုင်စာရင်းထိုးထားတယ်လေ။ ဘာတဲ့လဲ။

ထွက်ခွာရွေ့လျား ရွေ့ကိုသွားရင်းတွေ့ရမယ့် ဘူတာတွေက အိုမင်းခြင်း၊ နာမကျန်းခြင်း၊ သေလွန်ခြင်း။ ဟုတ်တယ်။ ဒီဘူတာစဉ်အတိုင်း မလွဲမသွေဖြတ်သန်းနေကြတာပေပဲ။ သင့်ရဲ့လက်ကျန်ဘဝဟာ ကြာလေလေ နည်းလေလေပေ့ါ။

ကံကောင်းခြင်း လက်ဆောင်တွေကတော့ မူလခရီးစဉ်အစီအစဉ်မှာ ပါခဲ့သည်ဖြစ်စေ၊ မပါခဲ့သည်ဖြစ်စေ သင်ဖန်တီးမျှဝေလို့ရတာကတော့ သေချာပါတယ်။ ဘဝရဲ့ကံကောင်းခြင်းတွေကို သင့်ပတ်ဝန်းကျင်ကို ကူညီဖေးမစောင့်ရှောက်ကူညီပေးခြင်းအားဖြင့် ရရှိနိုင်တယ်။

**ကူညီပေးပါ**

သင့်ပတ်ဝန်းကျင်ကလူတွေ မပျော်ရွှင်ကြဘူးလား။ သင်ကပျော်ရွှင်ရယ်မောအောင် လုပ်ဆောင်ပေးလိုက်ပါ။ သူတို့ ကြည်နူးဝမ်းသာသွားအောင် ပြောဆို၊ လုပ်ကိုင် ဆောင်ရွက်ပေးလိုက်ပါ။ ဒီအတွက် ရှာကြံစဉ်းစားပြီး ကြိုးစားဖန်တီးရင်း ပင်ပန်းရင်ပင်ပန်းပါစေ၊ စိတ်ထဲမှာတော့ ကြည်လင်နေလိမ့်မယ်။ ပေ့ါပါးနေလိမ့်မယ်။

ကိုယ့်ပတ်ဝန်းကျင်က လူတွေကို ပျော်ရွှင်စိတ်ချမ်းသာအောင် မဆောင်ရွက်မဖန်တီးနိုင်ရင် ဘာလုပ်မလဲ။

သူတို့ စိတ်ညစ်၊ စိတ်ပျက်၊ စိတ်ဓာတ်ကျ၊ အားငယ်၊ ကြောက်ရွံ့၊ မကျေနပ်ဖြစ်နေတဲ့ ခံစားချက်တွေကို သင့်တော်ဆီလျော်မယ့် နည်းလမ်းတွေနဲ့ သက်သာပျောက်ကင်းအောင် အားပေးဖြေသိမ့်ကူညီပေးရပါမယ်။

ဟာ ဖြစ်နိုင်ပ့ါမလား။

လိုရင်ကြံဆနည်းလမ်းရတဲ့။ မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကြင်နာစာနာမှုနဲ့သာ ဖန်တီးလိုက်စမ်းပါ။ အောင်မြင်မှာသေချာပါတယ်။

လူတွေဟာ အများအားဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံ ပေးဆပ်ရမယ့် ကိစ္စရပ်တွေမှာ ဝန်လေးတတ်ကြပါတယ်။ သင်ဟာ သင့်ကိုယ်ကျိုးဘာမှမပါဘဲ သူတစ်ပါးအတွက် စဉ်းစားတယ်။ ကူညီတယ်။ ဖေးမအားပေးတယ်။ ကောင်းမွန်တဲ့အခြေအနေဖြစ်လာအောင် အချိန်ပေးပြီး တစ်မျိုးပြီးတစ်မျိုး၊ တစ်ခုပြီးတစ်ခု ပြုလုပ်ဖန်တီးတယ်။

ဒါကိုအထင်လွဲတဲ့လူ ရှိတတ်တယ်။ ရှိပါစေ။

ကျေးဇူးမသိသူတွေလည်း ရှိတယ်။ ရှိစေ။

ကျေးဇူးကန်းတတ်သူတွေများတယ်။ ထားပါ။

ကျေးဇူးမတင်ဘဲ ရန်တောင်လုပ်ချင်သေး။ သည်းခံလိုက်ပါ။

**စိတ်ရှည်ပါ**

အထက်စီးက မောက်မောက်မာမာတွေ ဆက်ဆံခံရတာကိုယ်မကြိုက်ဘူး။ ဒါပေမဲ့ စိတ်ရှည်ပါနော်။ လူတွေဟာ ဒီလိုမသိတတ်လို့ ငတ်မွတ်စုတ်ပြတ်သတ်ပြီး ဆင်းရဲမွဲတေကြရတာပဲ။ ကိုယ့်တစ်ကိုယ်စာ၊ ကိုယ့်အကျိုး ကိုယ့်အတွက်သက်သက်ကိုသာကွက်ပြီး စဉ်းစားတဲ့အကျင့်က ပါနေခဲ့ပြီ။ သူတစ်ပါးဘက်ကို ငဲ့ကြည့်ရကောင်းမှန်းတောင် နားမလည်တဲ့လူတွေ အများကြီးပဲ။

မိတ်ဆွေစာရေးဆရာတစ်ယောက် ဘာသာပြန်ဖူးတာလေးတစ်ခုကို သတိရတယ်။ အတိုချုံးပဲပြောပါမယ်။ သူက ကံကောင်းချင်ရင် စက်ရုံသုံးရုံတည်ပါတဲ့။

ဟာ ဒါတော့ ဘယ်လွယ်မှာတုံးလို့ စိတ်ထဲက ပေါ်ရာ မပြောလိုက်ပါနဲ့ဦး။ ဆုံးအောင်ဖတ်စေလိုပါတယ်။ တင်စားချက်နဲ့ နားလည်လွယ်အောင် ပြောတာပါ။

**(၁) ခေါင်းထဲမှာရေခဲစက်ရုံတည်ပါတဲ့။**

ခေါင်းအေးအေးထားဖို့ပါ။

လောဘဖြစ်စရာတွေ့ရင် လောဘဖြစ်လာတယ်။ ဒေါသဖြစ်စရာကြုံရင် စိတ်မှာ ဒေါသထွက်လာတယ်။ မာန်တက်စရာဖြစ်လာတော့ မာနထောင်လွှား ခက်ထန်ချင်လာတယ်။ ခေါင်းအေးအေးထားပြီး စဉ်းစားလိုက်ရင် အကောင်းအဆိုး အကျိုးအပြစ်ကို ဆင်ခြင်မိနိုင်တာပေ့ါ။ ကိုယ်ရောစိတ်ပါ အေးချမ်းဖို့ အဖြေမှန်ကိုသိလာမှာပဲ။ လောဘဖြစ်စရာ အခွင့်အရေးပေးတိုင်း လောဘမကြီးတော့ဘူး။ ဒေါသဖြစ်စရာ တွေ့နေရပေမယ့် စိတ်မဆိုးတော့ဘူး။ ခေါင်းအေးအေးနဲ့ ရှုကြည့်နိုင်ရင် အန္တရာယ်ကင်းဝေးပြီး သဘာဝဓမ္မအမှန် ရွေးချယ်ဆုံးဖြတ်တတ်လွယ်တာပေ့ါ။

**(၂) လျှာပေါ်မှာ သကြားစက်ရုံတည်ပါတဲ့။**

သူတစ်ပါးနဲ့ စကားပြောဆိုရာမှာ ချိုချိုသာသာ၊ ချေချေငံငံ ယဉ်ကျေးသိမ်မွေ့စွာ ပြောစေလိုတဲ့သဘောပါ။ အချို့က စကားပြောရင် မာမာထန်ထန်နဲ့ ချဉ်ချဉ်တူးတူး။ သို့မဟုတ် စပ်ပူစပ်လောင် မာန်တထောင်ထောင် ပြောတတ်ရဲ့။ ပြောရတဲ့စကား မအောင်မြင်ပါဘူး။ အချို့လူတွေက စကားကို ပိသာလေးနဲ့ဘေးပစ်သလို နာကျင်အောင် ပြောချင်ကြတယ်။ အဆင်မပြေပါဘူး။ ဖွဲ့စ်ဘွတ်ပေါ်မှာ ရိုင်းစိုင်းဆဲဆို။

ကိုယ်ပြောတဲ့စကား အောင်မြင်လိုရင် ချိုချိုသာသာ၊ ပျော့ပျော့ပျောင်းပျောင်း ပြောရမှာမဟုတ်လား။ ဒါကြောင့် လျှာပေါ်မှာ သကြားစက်ရုံတည်ပါလို့ ဆိုလိုတာပဲ။

**(၃) နှလုံးသားပေါ်မှာ မေတ္တာစက်ရုံတည်ပါ။**

မိသားစုပဲဖြစ်ဖြစ်၊ ဆွေမျိုးသားချင်းပဲဖြစ်ဖြစ်၊ ကျောင်းနေဖက်၊ သူငယ်ချင်းမိတ်ဆွေတွေပဲဖြစ်ဖြစ် ကောင်းတာတော်တာရှိကြသလို ညံ့ချက်ဆိုးကွက်တွေလည်း ရှိတတ်ကြတာပဲ။ လူဆိုတာ တိရစ္ဆာန်လိုသာ မရိုင်းစိုင်းတာ။ နတ်လိုတော့ အမြဲတစေမွန်မြတ်ဖြူစင်တဲ့ စိတ်ကောင်းနှလုံးကောင်းမရှိနိုင်။ လူတိုင်းမှာ ဘီလူးစိတ်လည်း ရှိတတ်တယ်။ လူစိတ်လည်း ရှိနေတယ်။ ဆုကြီးပန်များလို နတ်ကောင်းနတ်မြတ်ပမာ စိတ်ကောင်းရှိနိုင်တာလည်း ရှိချင်ရှိနိုင်တယ်။ ဘယ်သူမှတော့ အမြဲမကောင်းဘူး။ အမြဲလည်း ဆိုးမနေဘူး။ အခြေအနေ အချိန်အခါအလိုက် ပြုပြင်ပြောင်းလဲနေတာကိုး။

**မေတ္တာစက်ရုံ**

ကိုယ့်နှလုံးထဲမှာ မေတ္တာစက်ရုံကြီး တည်ထားလိုက်တော့ ဒေါသတွေကင်း၊ ခက်ထန်ရန်လိုခြင်းတွေကင်းရှင်း၊ စာနာမှု၊ ကြင်နာမှု၊ ကူညီမှု၊ နားလည်မှု၊ ဖြဟ္မစိုရ်တရားတွေပဲ နှလုံးသား မေတ္တာစက်ရုံက ထုတ်လုပ်နေတော့ အေးချမ်းကြည်လင်ပြီပေ့ါ။ စိတ်မှာ ပေ့ါပါးလွတ်လပ်ပြီး ပတ်ဝန်းကျင်ကို ဘယ်လိုများ ကောင်းကျိုးဆောင်ရပ့ါမလဲဆိုတဲ့ ကုသိုလ်စိတ်အမျိုးမျိုးသာ ထုတ်လုပ်ပြီး စိတ်ဖြူ၊ နှုတ်ဖြူ၊ အလုပ်ဖြူ (သီလဝိသုဒ္ဓိ ရှိတော့ လုပ်ငန်းဆောင်တာချောမွေ့ အောင်မြင်) စေတာပေ့ါ။

ရေခဲစက်ရုံ၊ သကြားစက်ရုံနဲ့ မေတ္တာစက်ရုံတွေ သင့်မှာ တည်နိုင်ပြီဆိုရင်တော့ မုချမသွေ ကံကောင်းခြင်းတွေ ဖန်တီးနိုင်ပေလိမ့်မယ်။

ပြင်ပကလာတဲ့ ကံတရားက အမြဲမကြာရှည်ဘူး။ ဘာလို့လဲဆိုတော့ သူက ကိုယ်နဲ့မသက်ဆိုင်လို့ပါပဲ။ ကံကောင်းခြင်းက လူတစ်ဦးရဲ့ မိမိကိုယ်တိုင်ကြိုးပမ်းအားထုတ်မှု၊ ဖန်တီးမှုနဲ့ပဲဆိုင်ပါတယ်။

> **ကံကောင်းချင်ရင် ပတ်ဝန်းကျင်ကို မိမိက ကောင်းအောင်ကူညီရမယ်။ ကောင်းကျိုးစီးပွားကို ဖြစ်ပေါ်စေမယ့် အကြောင်းကောင်းတွေကို ပါဝင်ဖြည့်ဆည်းပေးရမယ်။ သင့်တော်တဲ့ပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်ရမှာကိုယ့်ရဲ့(လောကဟိတ၊ ပရဟိတ) အရေးကြီးတဲ့ အလုပ်တွေပါပဲ။ ပတ်ဝန်းကျင်လောက အနီးအဝေးက လူသားတွေ အဆင်ပြေကြအောင် ကောင်းကျိုးဆောင်လေလေ အဲဒါတွေကို လုပ်ဆောင်နေရင်းကပဲ ပျော်ရွှင်တာ၊ ကြည်နူးတာ၊ အားတက်တာ၊ စိတ်ချမ်းသာပျော်မြူးမိတာတွေဟာ ရလေလေလက်တွေ့ခံစားရတဲ့ ပီတိတွေ၊ သုခတွေပါပဲ**

ဒီတော့ အရှည်အကြာတာရှည်ခိုင်မာတယ်။

**ကံကောင်းချင်ရင်**

လူအများစုက ကံကောင်းချင်ကြတယ်။ ကံကောင်းခြင်းကို ပိုင်ဆိုင်ဖို့ရာ မျှော်လင့်ကြတယ်။ ဒါပေမဲ့ လက်တွေ့ဆုံးဖြတ်ချက်ချပြီး ကြိုးစားတဲ့ လူစားကတော့ ရှားတယ်။

ပတ်ဝန်းကျင်အခြေအနေမပေးလို့ သင်ကံမကောင်း အကြောင်းမလှဘူးလို့ ထင်မြင်ယူဆနေသလား။

သေသေချာချာ အချက်အလက် အမှန်အကန်ကို သုံးသပ်ပါ။ ဆန္ဒစွဲ အကြိုက်မပါစေနဲ့။ အကြောက်မပါစေနဲ့။ ပကတိအခြေအနေမှန်ကို မြင်ရပြီလား။

နည်းလမ်းက နှစ်ခု တွေ့ရမယ်–

(၁) ပတ်ဝန်းကျင်ကို ပြောင်းလဲအောင်လုပ်ရန် သို့မဟုတ်

(၂) ဒီပတ်ဝန်းကျင်မှ ထွက်ခွာပြီး သင့်တော်ဆီလျော်မယ့် ပတ်ဝန်းကျင်သို့ပြောင်းပါ။ ဒါပဲလေ။

ပတ်ဝန်းကျင်အသစ်ကို သေသေချာချာ ရွေးဖို့တော့လိုပါတယ်။ ပတိရူပဒေသဝါသစက်ဆိုတာ အတော်အရေးကြီးတဲ့ စက်တစ်ပါးပဲ။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားအတိုင်းပေ့ါ။

ပတ်ဝန်းကျင်အသစ်က ကိုယ်နဲ့မသင့်တော်ဘူး ဆိုရင်တော့ သေချင်တဲ့ကျား တောပြောင်းတယ် ဆိုတာမျိုးလည်း ဖြစ်သွားနိုင်တယ်။ သတိထား။

ပတ်ဝန်းကျင်က မိမိကိုကောင်းကျိုးများများ ထောက်ပံ့ကူညီကြမှ ကိုယ့်ဘဝတိုးတက်ကြီးပွားရစမြဲဖြစ်ပါတယ်။ ပတ်ဝန်းကျင်က မိမိကိုချီးမြှောက်မ,စ မှသာလျှင် အောင်မြင်တယ်။ ချမ်းသာမယ်။ ဘဝမြင့်မားလာမယ်။ ပတ်ဝန်းကျင်ကို မဖျက်ဆီးချင်ပါနဲ့ဗျာ။

ကိုယ်စိုက်တဲ့အသီး၊ အပင်က အချိန်တန်တဲ့အခါ ကိုယ်တိုင်ရိတ်သိမ်းရလိမ့်မယ်။ ဘာသာတိုင်းက ဒီသဘောကို ဟောကြားသင်ပြတယ်။ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာတယ်။

ကောင်းတာလုပ်တော့ ကောင်းတာရမှာပဲ။ ဆိုးတာလုပ်ရင်တော့ အဆိုးတွေပဲ ပြန်ရမယ်။ မြတ်စွာဘုရားကလည်း ဟောတော်မူတယ်။

"သဒိသံ ပါကံ ဇနေတိ"

မိမိပြုလုပ်တဲ့ အကြောင်းကံအတိုင်းသာ တူညီမျှတဲ့ ကောင်းကျိုး၊ ဆိုးကျိုး အကျိုးတရားကို စံစားခံစားရပေမယ်။ ရှင်းပြီနော်ကိုယ့်လူ။

**ပတ်ဝန်းကျင်**

ကံကောင်းချင်ရင် ပတ်ဝန်းကျင်ကို မိမိက ကောင်းအောင်ကူညီရမယ်။ ကောင်းကျိုးစီးပွားကို ဖြစ်ပေါ်စေမယ့် အကြောင်းကောင်းတွေကို ပါဝင်ဖြည့်ဆည်းပေးရမယ်။ သင့်တော်တဲ့ပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်ရမှာကိုယ့်ရဲ့(လောကဟိတ၊ ပရဟိတ) အရေးကြီးတဲ့ အလုပ်တွေပါပဲ။ ပတ်ဝန်းကျင်လောက အနီးအဝေးက လူသားတွေ အဆင်ပြေကြအောင် ကောင်းကျိုးဆောင်လေလေ အဲဒါတွေကို လုပ်ဆောင်နေရင်းကပဲ ပျော်ရွှင်တာ၊ ကြည်နူးတာ၊ အားတက်တာ၊ စိတ်ချမ်းသာ ပျော်မြူးမိတာတွေဟာ ရလေလေ လက်တွေ့ခံစားရတဲ့ ပီတိတွေ၊ သုခတွေပါပဲ။

**ဒီနေ့စတင်**

ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် လုပ်ဆောင်ရာမှာ မိမိတစ်ဦးတစ်ယောက်တည်း တစ်ကိုယ်တော် အကောင်အထည်ဖော်လို့တော့ မလွယ်ဘူးဗျ။ မရနိုင်ဘူးလို့တော့ စကားကုန်အောင် မပြောလိုပါဘူး။

လူဆိုတာက အဆင်တူ အသွင်တူ အယူအဆနဲ့ ဆန္ဒတူသူတွေ စုပေါင်းပူးပေါင်းဆောင်ရွက်ကြရင် ပိုပြီးအောင်မြင်ပါတယ်။ ဒါကြောင့် လူ့သမိုင်းမှာ အသင်းအပင်းအဖွဲ့အစည်းတွေ အဆင့်ဆင့် ဖြစ်ပေါ်လာခဲ့ကြတာပါပဲ။

ပတ်ဝန်းကျင်ကို ဖန်တီးပြုပြင်ရမယ့် ပထမစလုပ်ရမယ့်အလုပ်က (ဘာပဲဖြစ်ဖြစ်) ဒီကနေ့ပါပဲ။ စီးပွားရေးပဲဖြစ်ဖြစ်၊ ပညာရေးပဲဖြစ်ဖြစ်၊ ကုသိုလ်ရေးပဲဖြစ်ဖြစ် အခြေခံအကျဆုံး တည်ဆောက်ရမှာက မိမိရဲ့ ကိုယ်ကျင့်သီလပါ။ သင့်မှာ သီလမပါရင် သင်ဟာယုံကြည်ထိုက်သူ မဖြစ်နိုင်ဘူး။ သင့်မှာ ကိုယ်ကျင့်တရားကောင်းမရှိရင် ဘယ်သူကမှ ပေါင်းမှာလည်း မဟုတ်ဘူး။ (ဟာ… ကျွန်တော် ကျွန်မကြီးပွားတိုးတက်ဖို့ဟာ ကိုယ်ကျင့်သီလက စရမယ်ဆိုတာ တစ်ခါမှမတွေးမိခဲ့ဖူးဘူး ဆိုပါစို့) စာရိတ္တပျက်ယွင်းလို့ ဟိုးအမြင့်ကြီးရောက်နေပြီးမှ တလိမ့်ခေါက်ကွေး ကျလာတဲ့ လူတွေကို ကြည့်လိုက်။ ခိုင်မာတဲ့အနာဂတ် အောင်မြင်မှု ကံကောင်းခြင်းကို ရယူချင်ရင် လူတော်လူကောင်း ခံယူထိုက်တဲ့ ကိုယ်ကျင့်သီလ စာရိတ္တကောင်းပါစေ။ သိပြီနော်။

**အကျင့်သီလ**

ကံကောင်းခြင်းဟာစာရိတ္တကောင်းသူအတွက် အခွင့်အလမ်းတွေ မရေမတွက်နိုင်အောင် တန်းစီစောင့်နေပါတယ်။

သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ။

"အမှန်တကယ်သာ ကိုယ်ကျင့်သီလဖြူစင်ပါက လိုအင်ဆန္ဒမှန်သမျှ ဘာမဆို ရနိုင်ရောက်နိုင်တာပဲ"တဲ့။

စာမျက်နှာ ၁၇ သို့☆

## မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းနှင့် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က ကြီးမှူးကျင်းပသည့် မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်းနှင့် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က ယခုသင်တန်းများသည် နည်းပညာဆိုင်ရာသင်တန်းများဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ် ဆက်လက်လေ့လာကြိုးစားကြရန် လိုကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ဌာနက သင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများကို ဆတက်ထမ်းပိုး တိုးတက်တတ်မြောက်အောင် လေ့လာသင်ယူပြီး ဌာနအကျိုးနှင့် ပြည်သူ့အကျိုးအတွက် ပြန်လည်မျှဝေသင်ကြားပေးကြစေလိုကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က အခြေခံကွန်ပျူတာသင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးကျော်ဆင့်က မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး အခြေခံကွန်ပျူတာသင်တန်းနှင့် မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထက ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်လှစ်

**ရေတာရှည် ဒီဇင်ဘာ ၂၃**
(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထက ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရေတာရှည်မြို့နယ် အားကစားကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲဝင်အသင်းများဖြစ်သော အထက (နန်ချွန်)၊ အထက(ရေတာရှည်)၊ အထက (ရွှေကြက်ယက်)၊ အထက (ဆွာ)၊ အထက (သာဂရ)၊ အထက (ရေနီ)တို့က ကွင်းအတွင်းနေရာယူ၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ အားကစားအဓိဋ္ဌာန် ရွတ်ဆိုခြင်းတို့ ဆောင်ရွက်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို နှုတ်ဆက်အားပေး၍ အသင်းအုပ်ချုပ်သူများအား ဘောလုံးများ ထောက်ပံ့ပေးအပ်သည်။ အဖွင့်ပွဲစဉ်အဖြစ် အထက (သာဂရ)အသင်းနှင့် အထက(ရေတာရှည်)အသင်းတို့ ယှဉ်ပြိုင်ကစားပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

✻ **အိန္ဒိယနိုင်ငံမှ**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားသို့ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ အိန္ဒိယကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဆော်ရက်(ဘ်) ကူမားနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လေကြောင်းဖြင့် အသုတ်လိုက် ပေးပို့သွားမည်ဖြစ်ပြီး ပထမအသုတ်ပို့ဆောင်မှုအဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒီဇင်ဘာ ၂၂ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **သတင်းစဉ်**

☆ **စာမျက်နှာ ၁၆ မှ**
အကျင့်မကောင်းဘဲနဲ့တော့ ကံကောင်းမှုက တာရှည်မခံဘူး။ ရွှေရည်စိမ်ခွက်က ကြေးညှိတက်တာတွေ ပေါ်ထွက်လာတဲ့အခါ ဝါဝါမြင်တိုင်း ရွှေမဟုတ်ဆိုတဲ့ သင်ခန်းစာ ဖော်ထုတ်နိုင်လာတာပေါ့။ ကံကောင်းခြင်းဟာ မိမိကိုယ်တိုင် မလဲမမှောက်အောင် ဟန်ချက်ကောင်းကောင်း ထိန်းနိုင်ရမယ်။

မိမိကိုယ်ကို ထိန်းကျောင်းနိုင်ဖို့လိုတယ်။ အတ္တသမ္မာပဏိဓိစ မင်္ဂလာတဲ့။

ကံကောင်းခြင်းကို သင်ဖန်တီးနိုင်ပါတယ်။

**၁။ ပတ်ဝန်းကျင် လောကကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် ပါဝင်ပါ။**

ဖုံးမခွဲပါနဲ့၊ မီးမရှို့ပါနဲ့၊ တံတားတွေလမ်းတွေကို မဖျက်ဆီးပါနဲ့။ လူမသတ်ပါနဲ့။ ဘဏ်တွေ၊ ငွေတိုက်တွေကို မလုယက်ပါနဲ့။

**၂။ မိဘဆွေမျိုး ကိုယ့်လူမျိုးကို စောင့်ရှောက်ပါ။** ကူညီပါ။ ကာကွယ်ပါ၊ အကျိုးပြုပါ။ ကိုယ့်လူမျိုး ရပ်သူရွာသားတွေကို မနှိပ်စက်ပါနဲ့။ အနိုင်မကျင့်ပါနဲ့။

**၃။ မိမိကိုယ်တိုင် လိမ္မာယဉ်ကျေးသူ၊ စာရိတ္တကောင်းသူဖြစ်အောင် ပြုပြင်ပါ။** ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းဖြင့် လူတော်လူကောင်းတွေများတဲ့ ပတ်ဝန်းကျင်မှာ ကိုယ့်ဘဝလည်း ရေမြင့်လို့ ကြာတင့်သလို ကံကောင်းခြင်းတွေ ရရှိမယ်။

ဟောဗျာ စည်းကိုဖောက်ပါ။ ကမ်းကိုကျော်ပါ။ ဥပဒေကို ဆန့်ကျင်ပါ။ ကိုယ်ကျင့်တရား ပျက်ပါစေ၊ ငါးပါးသီလဆိုတာ မလိုပါဘူးဆိုတဲ့ လူစားတွေရဲ့အဖို့မှာတော့ သူ့လမ်းသူသွားကြပါစေ။

"စည်းတွင်းမှာနေ၊ ကင်းကွေ့လိမ့်ရန်ဘေး။
ကမ်းကိုကျော် ချော်ကာကျ၊ များလှရန်ဘေး"။
**မင်းသုဝဏ်(၁၉၀၉-၂၀၀၄)**

၂၀၁၆ မှ ၂၀၁၈ အတွင်း နိုင်ငံတော်သမ္မတ လုပ်သွားခဲ့သူ ဦးထင်ကျော်ရဲ့ ဖခင် ဦးဝန် (၁၉၀၉-၂၀၀၄) ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ (အငြိမ်းစား)က ရေးခဲ့တဲ့ ဒွေးချိုးကဗျာလေးပါဗျာ။ "စည်းကမ်းတွေ၊ ကျင့်ဝတ်တွေ၊ ဥပဒေတွေကို ကျော်မိပြီ၊ ချော်ခဲ့ပြီဆိုရင်တော့ ဘေးရန်များပေလိမ့်မယ်နော်"တဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်က သတိပေးခဲ့ပါရဲ့။ ဒါတွေကိုသာ တကယ်ပြုပြင်ပြောင်းလဲမယ်ဆိုရင် ကံကောင်းခြင်းဟာ လာမှာပဲပေါ့။

■

## နှလုံးသားဖြင့် တူယှဉ်နွဲ

**တို့... နိုင်ငံသည်**
**စည်ပင်ဝပြော၊ မနောဖြူစင်**
**ချစ်ခင်သွေးချင်း၊ ရောင်းရင်းညီလျက်**
**တွဲလက်ခိုင်မြဲ တူယှဉ်နွဲ။**
**တို့... နိုင်ငံဖွား**
**တို့သွေးသားတို့၊ မခြားရေမြေ**
**အနေတူလျက်၊ လက်ချင်းဆက်ပြီး**
**ထက်မြက်စိတ်ဝမ်း၊ ရွှင်လန်းသာယာ**
**ငြိမ်းချမ်းစဉ်မြဲ တူယှဉ်နွဲ။**
**တို့... နိုင်ငံသည်**
**တူညီဝေမျှ၊ ဒေသပြည်နယ်**
**ယှက်နွှယ်ကူးလူး၊ ပေါင်းကူးသွယ်တန်း**
**စက်မှုစွမ်းတွေ၊ ရည်မှန်းကြိုးစား**
**နှလုံးသားဝယ်၊ အားမာန်စုကာ**
**ညီညာခိုင်မြဲ တူယှဉ်နွဲ။**
**တို့... နိုင်ငံသား**
**တို့စီးပွားဖြင့်၊ မြန်မာ့အားမာန်**
**အောင်လံလွှင့်ချီ၊ ဂုဏ်ရည်မြင့်မြတ်**
**လွတ်လပ်ရေးကို ကြိုဆိုဂုဏ်ပြု**
**ရတုအဆက်ဆက်၊ ကမ်းလက်ဆင့်ကာ**
**ရွှေမြန်မာတို့၊ ရင်မှာထာဝရ**
**မာနဘဝင်၊ ရှေ့မတင်ဘဲ**
**တွဲလက်မြဲစွာ၊ ကာကွယ်ကြရေး**
**နှလုံးသွေးဖြင့် တူယှဉ်နွဲ။ ။**

**မင်းရဲကျော်**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

(စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ဖော်ပြပါသည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၀၆ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁၂-၂၀၂၁) ရက် နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၄၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၅၀,၇၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၂၉,၁၁၄) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၀၈) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၅၀၆,၅၁၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၄၂) ဦးရှိပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၃-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၀၆) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာစုစုပေါင်း (၁၂၂,၇၈၅) ဦးရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၉၄) ခု | (၇၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၂) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၄) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၅၄) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၄) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၅၀၈) ခု | (၁၇၅) ဦး |
| **စုစုပေါင်း** | **(၁၃,၄၀၇) ခု** | **(၂၇၆) ဦး** |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၂၅၁၀၉၇၈ | ၄၀၉၀၈၁၄၆ | ၈၃၃၀၂၉ |
| ၂။ | အိန္ဒိယ | ၃၄၇၆၅၉၇၆ | ၃၄၂၀၈၉၂၆ | ၄၇၈၇၅၉ |
| ၃။ | ဘရာဇီး | ၂၂၂၂၂၉၂၈ | ၂၁၄၁၄၃၁၈ | ၆၁၈၁၂၈ |
| ၄။ | ဗြိတိန် | ၁၁၆၄၇၄၇၃ | ၉၉၂၂၄၈၀ | ၁၄၇၅၇၃ |
| ၅။ | ရုရှား | ၁၀၃၁၈၆၅၀ | ၉၁၃၉၁၆၆ | ၃၀၁၂၇၁ |
| ၆။ | တူရကီ | ၉၂၂၈၈၃၅ | ၈၈၅၈၄၄၅ | ၈၀၉၅၇ |
| ၇။ | ပြင်သစ် | ၈၇၉၈၀၂၈ | ၇၇၀၁၂၇၂ | ၁၂၂၁၁၆ |
| ၈။ | ဂျာမနီ | ၆၉၁၅၃၅၃ | ၅၉၉၂၈၀၀ | ၁၁၀၂၃၄ |
| ၉။ | အီရန် | ၆၁၇၉၈၁၇ | ၆၀၁၉၃၄၃ | ၁၃၁၂၆၂ |
| ၁၀။ | စပိန် | ၅၆၄၅၀၉၅ | ၄၉၉၇၀၆၈ | ၈၈၉၃၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၁၂၀၈ | ၄၁၁၂၅၂၄ | ၁၄၄၀၄၂ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၇၉၀၃ | ၂၇၇၇၆၇၁ | ၅၀၉၈၁ |
| ၃။ | မလေးရှား | ၂၇၂၈၂၀၃ | ၂၆၄၇၅၈၇ | ၃၁၂၂၁ |
| ၄။ | ထိုင်း | ၂၂၀၂၀၀၁ | ၂၁၄၂၁၈၆ | ၂၁၅၀၁ |
| ၅။ | ဗီယက်နမ် | ၁၅၈၈၃၃၅ | ၁၁၇၃၄၈၄ | ၃၀၂၅၁ |
| ၆။ | မြန်မာ | ၅၂၉၁၁၄ | ၅၀၆၅၁၄ | ၁၉၂၄၂ |
| ၇။ | စင်ကာပူ | ၂၇၆၇၂၀ | ၂၇၂၆၇၅ | ၈၁၈ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၄၃၄ | ၁၁၆၈၃၄ | ၃၀၀၆ |
| ၉။ | လာအို | ၁၀၃၃၃၆ | ၉၁၅၁၆ | ၂၉၉ |
| ၁၀။ | ဘရူနိုင်း | ၁၅၄၂၉ | ၁၅၁၈၉ | ၉၈ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီသုံးခု၊ ယာဉ်စီးရေ လေးစီးဖြင့် အောက်ဆီဂျင်ထုတ်စက် တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် အခု ၄၀ နှင့် နှာခေါင်းစည်း ၁၀ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်ထုတ်စက် တစ်ခုမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မန္တလေးမြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

■

# ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဆင်နယ်နဲ့ လီဗာပူး၊ ချယ်လ်ဆီးနဲ့စပါး တွေ့ဆုံနေ

ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တွေကို မဲခွဲဆုံးဖြတ်ခဲ့ရာမှာ အာဆင်နယ်အသင်းက လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်းက စပါးအသင်းတို့နဲ့ အသီးသီး ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ဟာ ၂၀၁၅ ခုနှစ် ကာရာဘောင်ဖလားနောက်ဆုံး ဗိုလ်လုပွဲမှာ ထိပ်တိုက်တွေ့ဆုံခဲ့ဖူးတဲ့အသင်းတွေဖြစ်ပြီး အဲဒီတွေ့ဆုံမှုမှာ ချယ်လ်ဆီးအသင်းက စပါးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိကာ ကာရာဘောင်ဖလားချန်ပီယံဖြစ်ခဲ့တာ ဖြစ်ပါတယ်။



ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွေအနက် ပထမအကျော့ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် လည်းကောင်း၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၁၀ ရက်တွင် လည်းကောင်း၊ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် လည်းကောင်း ကျင်းပသွားဖို့ရှိနေတာ ဖြစ်ပါတယ်။

ကာရာဘောင်ဖလားကို ရှစ်ကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ လီဗာပူးအသင်းဟာ ၂၀၁၂ ခုနှစ်နောက်ပိုင်းကတည်းက အဲဒီဖလားရရှိခဲ့ခြင်းမရှိခဲ့တဲ့အသင်းဖြစ်ပြီး အာဆင်နယ်အသင်းဟာလည်း ၁၉၉၃ ခုနှစ်မှာ ချန်ပီယံဖြစ်ပြီးနောက်ပိုင်း ဗိုလ်လုပွဲကို သုံးကြိမ်တက်လှမ်းခဲ့ရာမှာ သုံးကြိမ်စလုံးရှုံးနိမ့်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ဒါ့အပြင် ချယ်လ်ဆီးအသင်းနဲ့ တွေ့ဆုံနေတဲ့ စပါးအသင်းဟာ ၂၀၀၈ ခုနှစ်က ကာရာဘောင်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ချယ်လ်ဆီး အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး နောက်ပိုင်းကတည်းက အဓိကဖလားတွေရရှိမှုနဲ့ ဝေးကွာခဲ့တဲ့အသင်းဖြစ်ပါတယ်။



## မန်စီးတီးအသင်းက တိုက်စစ်မှူး ဖာရန်တောရက်စ်ကို ရောင်းချတော့မည်

မန်စီးတီးအသင်းဟာ အသင်းရဲ့လူငယ်တိုက်စစ်မှူး ဖာရန်တောရက်စ်ကို ရောင်းချတော့မှာဖြစ်ပြီး ဘာစီလိုနာအသင်းဆီ ရောင်းချသွားဖို့လည်း သဘောတူညီထားတယ်လို့ သိရပါတယ်။

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ တိုက်စစ်မှူး ဖာရန်တောရက်စ်ကို ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေးပေါင် ၄၆ ဒသမ ၇ သန်းပေးဖို့ သဘောတူညီထားတယ်လို့ သိရပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ စပိန်လူငယ်ကြယ်ပွင့် ဖာရန်တောရက်စ်ဟာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်းက ဗလင်စီယာအသင်းဆီကနေ မန်စီးတီးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၄၃ ပွဲအထိပါဝင်ကစားထားကာ သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

## ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲသို့ ကစားသမားများ စေလွှတ်မည်မဟုတ်ဟု အမေရိကန် အမျိုးသားဟော်ကီအဖွဲ့ချုပ်ဆို

အမေရိကန် အမျိုးသားဟော်ကီအဖွဲ့ချုပ်ဟာ တရုတ်နိုင်ငံမှာကျင်းပမယ့် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲရဲ့ အမျိုးသားရေခဲပြင်ဟော်ကီပြိုင်ပွဲသို့ ၎င်းတို့ရဲ့ ကစားသမားတွေကို စေလွှတ်သွားမှာမဟုတ်ဘူးလို့ အတည်ပြုပြောကြားခဲ့ပါတယ်။

အမေရိကန်အမျိုးသားဟော်ကီအဖွဲ့ချုပ်ဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေ မြင့်တက်နေတာကြောင့် ပုံမှန်ကျင်းပနေကျ အမျိုးသားဟော်ကီပြိုင်ပွဲရာသီတွေအတွက်လည်း အနှောင့်အယှက်တွေနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

ဒါ့အပြင် ဟော်ကီပွဲစဉ်ပေါင်း ၅၀ ကို ရွှေ့ဆိုင်းထားတဲ့အပြင် အိုလံပစ်ပြိုင်ပွဲမှာလည်း ပါဝင်ဖို့မဖြစ်နိုင်တော့ဘူးလို့ အမေရိကန် အမျိုးသားဟော်ကီအဖွဲ့ချုပ်မှ တာဝန်ရှိသူ ဂယ်ရီဘက်မန်းက ပြောကြားခဲ့ပါတယ်။ ပေကျင်းဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲကိုတော့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။



## လိဂျ်ဝုဒ်နဲ့ မိုက်ကယ်ကွန်လန်တို့ရဲ့ ဒဗလျူဘီအေ ဖယ်သာဝိတ်ပြိုင်ပွဲ မတ် ၁၂ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်

ဗြိတိန်ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမား လိဂျ်ဝုဒ်နဲ့ အိုင်ယာလန် လက်ဝှေ့ကျော် မိုက်ကယ်ကွန်လန်တို့ ယှဉ်ပြိုင်ထိုးသတ်မယ့် ဒဗလျူဘီအေ ဖယ်သာဝိတ်ပြိုင်ပွဲကို မတ် ၁၂ ရက်မှာ နော့တင်ဟမ်မြို့ရဲ့ မော်တာပွိုင့်အရီနာ လက်ဝှေ့ကြိုးဝိုင်းအတွင်း ယှဉ်ပြိုင်ထိုးသတ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။



မိုက်ကယ်ကွန်လန်ဟာ ကနဦးက လိဂျ်ဝုဒ်နဲ့ပွဲစဉ်ကို နယူးယောက်၊ မန်ချက်စတာနဲ့ ဘဲလ်ဖက် စတဲ့နေရာတွေမှာ ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ လက်ရှိဒဗလျူဘီအေ ဖယ်သာဝိတ်ခါးပတ်ချန်ပီယံ လိဂျ်ဝုဒ်ရဲ့ ဇာတိမြို့ နော့တင်ဟမ်မှာ ထိုးသတ်ဖို့ သဘောတူညီခဲ့တာဖြစ်ပါတယ်။

## ဩစတြေးလျအိုးပင်းပြိုင်ပွဲမှာ ပါဝင်ကစားဖို့မသေချာသေးတဲ့ ဂျိုကိုဗစ်

လာမယ့်လမှာ ကျင်းပမယ့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံဂျိုကိုဗစ် ပါဝင်ယှဉ်ပြိုင်ကစားဖို့ မသေချာသေးဘူးလို့ ပြိုင်ပွဲစီစဉ်သူတွေက ဒီဇင်ဘာ ၂၂ ရက်မှာ ပြောကြားခဲ့ပါတယ်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ကစားမယ့် တင်းနစ်ကစားသမားတွေနဲ့ ဝန်ထမ်းတွေဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရမှာဖြစ်ပြီး အဲဒီလိုကာကွယ်ဆေးမထိုးရသေးဘူးဆိုရင် ကျွမ်းကျင်သူများအဖွဲ့က ခွင့်ပြုထားတဲ့ဆေးဘက်ဆိုင်ရာကင်းလွတ်ခွင့် ပါရှိရမှာဖြစ်တယ်လို့ သိရပါတယ်။

ဒါပေမဲ့ လက်ရှိချန်ပီယံ ဂျိုကိုဗစ်ဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း ဒါမှမဟုတ် မထိုးနှံရသေးကြောင်းနဲ့ ပတ်သက်ပြီး လူသိရှင်ကြားပြောကြားထားတာမရှိသေးတဲ့အတွက် ပြိုင်ပွဲစီစဉ်သူတွေဟာ ဩစတြေးလျအိုးပင်းပြိုင်ပွဲမှာ ဂျိုကိုဗစ်ပါဝင်ကစားဖို့ မသေချာသေးဘူးလို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့၌ ဇန်နဝါရီ ၁၇ ရက်မှာ စတင်ကျင်းပမှာဖြစ်ပြီး ဩစတြေးလျအိုးပင်းတင်းနစ်ချန်ပီယံဆုဖလားကို ကိုးကြိမ်အထိ ရယူဆွတ်ခူးထားတဲ့ ဂျိုကိုဗစ်ဟာ (၂၁)ကြိမ်မြောက် ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ဖို့ မျှော်လင့်ထားသူဖြစ်ပါတယ်။

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာနဲ့အတူ အမျိုးသားတင်းနစ်ပြိုင်ပွဲရဲ့ ဂရန်းဆလမ်းဆုဖလားကို အကြိမ် ၂၀ စီ ရယူဆွတ်ခူးထားတာ ဖြစ်ပါတယ်။ ဂျိုကိုဗစ်ဟာ ၂၀၂၁ ခုနှစ်အတွင်းက ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ရုရှားတင်းနစ်ကစားသမား ဒန်နီယယ်မက်ဗီဒက်ဗ်ကို အနိုင်ရပြီး ဩစတြေးလျ အိုးပင်းတင်းနစ် ချန်ပီယံဆုဖလားကို ရရှိခဲ့သူဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဒါကို ဦးလေးတို့ကိုယ်တိုင်လည်း ခွဲခွဲခြားခြား မသိခဲ့ရသေးဘူး မိန်းကလေး။ ဦးအောင်ခန့်က မင်းတစ်ယောက်တည်းကိုသာ ရေနံ့သာကိုပြန်ခေါ်လာဖို့ အမိန့်ပေးခဲ့တာပဲကွယ့်။ ဒီလိုလုပ်ကွယ်၊ လောလောဆယ်မှာတော့ မင်းတစ်ယောက်တည်း ခဏဖြစ်ဖြစ် လိုက်ခဲ့ပါ။ ဒီအကြောင်းတွေကို ဟိုကျတော့မှ တိုင်ပင်ကြတာပေါ့ မဟုတ်လား"

ခင်ခင်ကြီးသည် မမဝင်းရီဘက်သို့ အကူအညီတောင်းသည့်အနေနှင့် လှမ်းကြည့်လိုက်သည်။

"လိုက်သာသွားပါ ညီမ။ ကလေးအတွက် မမဝင်းတာဝန်ယူထားပါမယ်။ စိတ်သာချပါ"

ခင်ခင်ကြီးသည် သက်ပြင်းရှိုက်လိုက်သည်။

"မမဝင်းရီတို့မှာလည်း ခင်ကြီးနဲ့ပတ်သက်ပြီး တစ်ဒုက္ခပဲနော်"

သူ၏စကားကို မဝင်းရီက အပြုံးဖြင့် နှစ်သိမ့်သည်။

"ကိစ္စမရှိပါဘူးကွယ်။ မမဝင်းတို့အနေနဲ့ ဒါကို ဒုက္ခလို့သဘောမထားပါဘူး"

သို့ဖြင့် ခင်ခင်ကြီးသည် များမကြာမီအတွင်း ရေနံချောင်းဘက်သို့ ဦးတည်မောင်းနှင်နေသော ကားကလေးပေါ်တွင် ပါလာခဲ့သည်။ စိတ်အတွေးမှာ ယခုတိုင်အောင် မငြိမ်သက်။ တစ်ဖက်က ကျန်ခဲ့လေသောကလေးအတွက် နောက်ဆံတင်းသည်။ တစ်ဖက်ကလည်း ဘွားဘွားအတွက် ရတက်မအေးနိုင်လောက်အောင်ရှိရသည်။

လမ်းတွင် ဦးမောင်ကလေးသည် စကားများစွာ ပြောလာသည်။ ထိုအထဲတွင် ခင်ခင်ကြီး ရေနံချောင်းမှ ပျောက်ကွယ်သွားသည့်အတွက် လူတွေအဖို့ ဆန်းကြယ်နေခဲ့ကြောင်း၊ စိုးရိမ်မကင်းဖြစ်ခဲ့ကြရကြောင်း စသည်များ၊ တကယ်တမ်းတွက်လျှင် ခင်ခင်ကြီးသည် မိဘ၏စေတနာကို နားလည်သင့်ကြောင်း စသည်များ ပါဝင်သည်။ ခင်ခင်ကြီးသည် ဦးမောင်ကလေး၏စကားများကို မနည်းသည်းခံ၍သာ နားထောင်နေရသည်။ စိတ်ဝင်စားမှုကား မရှိ။ ဘာတွေပြောနေသည်ဟု ရေရေလည်လည် မသိပေ။ နားရှိ၍သာ ကြားနေရသည်ဟူသော သဘောမျိုးဖြင့် ခေါင်းညိတ်ပြနေရသည်။ သူမ၏ စိတ်အစဉ်ကမူ ရေနံ့သာသို့သာ ပျံ့ဝဲရောက်ရှိနေတော့သည်။

ကား ရေနံချောင်းမြို့အတွင်း ဝင်စပြုလေပြီဆိုသောအခါ ခင်ခင်ကြီး၏ရင်မှာ နွေးလာသည်။ နှလုံးသားသည် တထိတ်ထိတ်ခုန်ရသည်။ ပင်းချောင်းကို ဖြတ်ရလေလျှင် ပင်းချောင်းနှင့်ပတ်သက်သော ဖြစ်ရပ်များ အာရုံတွင် ထင်ဟပ်လာသည်။ ပင်းချောင်း ကျော်လျှင် ရေနံချောင်း၏ အငွေ့အသက်ကို စ၍ တွေ့ရသည်။ မီးရှို့ထားသော ဓာတ်ငွေ့တိုင်၊ ရေနံတင် ငြမ်းစင်စသည်တို့သည် မြို့အဝင်မှ ကြိုလင့်နေကြသည်။ တွင်းကုန်း၊ သူဌေးကုန်း၊ လက်မှတ်ကုန်းတို့ကိုဖြတ်လျက် သံကန်ကုန်းသို့ရောက်သည်။ ကြီးမားခံ့ထည်သော အနက်ရောင် ရေလှောင်ကန်ကို မြင်ရသည်။

ရက်-လ အတန်ကြာမျှ ကွဲကွာနေခဲ့ရသော ရေနံမြေ။ မိမိ၏ မွေးရပ်ဇာတိရေနံမြေကို ခင်ခင်ကြီး မမှိတ်မသုန် ကြည့်ရင်း လိုက်လာခဲ့သည်။ မြေနီခင်ကို ကျော်လျှင် တိုက်တာအိမ်ခြေထူပြောသော မြို့ကွက်ကို မြင်ရသည်။ မကြာမီ ရွှေကြာငုံသို့ ရောက်ရတော့မည်ဟူသောအသိကို သိလာသည်။ ဘွားဘွား၊ ဖေဖေ၊ မေမေတို့၏ ရုပ်သွင်ကို မြင်ရတော့မှာကလားဟု တွေးမိသည်။ ထိုအခါ ခင်ခင်ကြီးမှာ တုန်လှုပ်ရမှုကို ကြိုးစားထိန်းချုပ်၍ မရနိုင်လောက်အောင် ဖြစ်လာသည်။ အသည်းနှလုံးက တုန်လှုပ်ရသည်သာမက သွေး ခြေဖျား၊ လက်ဖျားကလေးများပင် တဆတ်ဆတ်တုန်လာသည်။

ရေနံ့သာသည် မိမိအား မည်သို့မည်ပုံ ကြိုဆိုလေမည်နည်း။ အိမ်သားတစ်ယောက်အနေနှင့် တရင်းတနှီးကြိုဆိုလေမည်လား။ သူစိမ်းတစ်ယောက်နှယ် စိမ်းစိမ်းကားကား ကြိုဆိုလေမည်လား။ ခင်ခင်ကြီး မမှန်းဆတတ်နိုင်။

မကြာမီ ကားသည် ရွှေကြာငုံသို့ ရောက်လာသည်။ ရေနံ့သာကိုမြင်ရပြီး ရေနံ့သာဝိုင်းအတွင်း ကားလိမ့်ဝင်လာသည်။ ထိုအခါ ခင်ခင်ကြီးမှာ အသက်ပင်မှန်မှန်မရှူရဲရအောင် ရှိရသည်။

ရေနံ့သာ၏ ယေဘုယျအမြင်ကား ချမ်းမြေ့ဖွယ်မကောင်းလှ။ အလှစိုက်ပန်းတို့သည် ရေလောင်းသူ၊ ပြုစုယုယသူ ကင်းဝေးနေ၍ပဲ ထင်သည်။ ညှိုးနွမ်းခြောက်သွေ့နေသည်။ နွေသည် ရွက်ဝါများကို ရေနံ့သာဝိုင်းထဲမှာ ခြွေချထားသည်။ လှည်းကျင်းသုတ်သင်မည့်သူ မရှိ၍ဘဲထင်သည်။ တစ်ခြံလုံးမှာ ရွက်ခြောက်များဖြင့် ပြည့်နေသည်။

ကားထိုးရပ်လိုက်ပြီးလျှင် ခင်ခင်ကြီးသည် ကားပေါ်မှအလျင်ဆင်းသည်။ ကားတံခါးပိတ်သံသည် မှုန်ကုပ်ကုပ်နှင့် ငြိမ်သက်နေသော ခြံဝင်းတစ်ခုလုံးတွင် ကျယ်လောင်သောအသံ ဖြစ်ပေါ်သွားစေသည်။

ခင်ခင်ကြီးအား မည်သူကမျှ စောင့်ကြိုခြင်းမရှိ။ မည်သူကမျှ ထွေးပွေ့ခြင်းမရှိ။ မည်သူကမျှ ပျူပျူငှာငှာ နှုတ်ဆက်ခြင်းလည်းမရှိ။ အိမ်ကြီးမှာ အသက်ထင်ရှားရှိသူ မရှိလေတော့ပြီလား ထင်ရသည်။

သည်အခြေအနေ တွေ့ရလေတော့ အိမ်အတွင်းဝင်ရန်ပင် ခင်ခင်ကြီး ခြေလှမ်းတုံ့ရသည်။ စိတ်မှာ မဝံ့မရဲသလိုပင် ဖြစ်လင့်ကစား ခင်ခင်ကြီးမှာ အိမ်၏ အသွင်အပြင်ကို မမှတ်မိနိုင်တော့သလို ရှိသည်။ ဟောင်းနွမ်းနေသော ခန်းဆီးများ၊ ဖုန်အလိမ်းလိမ်းတက်နေသော ကြမ်းပြင် စသည်တို့မှာ ယခင်ရေနံ့သာနှင့် ယခုရေနံ့သာကို များစွာ ကွာခြားစေသည်။

ခင်ခင်ကြီးသည် ဧည့်ခန်းအတွင်း ရောက်ရှိလာသည်။ ဧည့်ခန်းတွင်လည်း မည်သူမျှမရှိ။ ဖေဖေ့ကိုလည်း မတွေ့ရ။ မေမေ့ကိုလည်း မမြင်ရ။ မလုံးတင်လည်း မရှိ။ ခင်ခင်ကြီးမှာ ယောင်ချာချာဖြစ်သည်။ ထိုအခိုက် လှေကားထိပ်ဆီမှ အသံသဲ့သဲ့ကြားရသည်။ ခင်ခင်ကြီး မော့ကြည့်သည်။ သူနှင့်ရွယ်တူ မျက်နှာစိမ်း မိန်းကလေးတစ်ယောက်ကို မြင်ရသည်။ ခင်ခင်ကြီးအား တစ်စုံတစ်ရာပြောမည်ပြုရာ ယင်းမိန်းကလေးက အပေါ်သို့တက်လာရန် လက်ရိပ်ပြ၍ခေါ်သည်။ စကားပြောစေချင်ဟန်မတူ။ မိန်းကလေး၏မျက်နှာမှာ တစ်စုံတစ်ခုကို ကြောက်လန့်စိုးထိတ်နေပုံပေါ်သည်။

သို့ဖြင့် ခင်ခင်ကြီးသည် လှေကားအတိုင်း တက်လာခဲ့သည်။ လှေကားထိပ်တွင် မျက်နှာစိမ်း မိန်းကလေးနှင့် ဆုံရသည်။ မိန်းကလေးက သူ့အား အခန်းတစ်ခုသို့ လက်ညှိုးညွှန်ပြသည်။ ယင်းအခန်းသည်ကား ဘွားဘွား၏အခန်း။

